ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

စိုးရိမ်ကြောင့်ကြမှုမရှိ

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက်စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 4 August 2019 ၉၇၃၁

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သွားရောက်ကြည့်ရှုလေ့လာ

ညောင်ဦး ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ စီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းရေးတို့အတွက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ *

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာစဉ်။

ကြေးမုံ ယနေ့ သတင်း အညွှန်း

တတိယအကြိမ် မြန်မာ့ကျောက်မျက်ရတနာနေ့ အခမ်းအနား ကျင်းပ စာမျက်နှာ » ၄

(၅၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်၊ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံး၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဆက်လက်ထောက်ခံကြောင်း အာဆီယံက ထပ်လောင်းအတည်ပြု စာမျက်နှာ » ၅

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...
ထွန်းရွှေဝါ ဒက်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

ကြေးမုံ

ပြည်သူကိုထောက်ထားအလုပ်အကျွေးပြု

ဒီမိုကရေစီစနစ်သည် အများပြည်သူသဘောဆန္ဒဖြင့် နိုင်ငံကိုတည်ဆောက်နေခြင်းဖြစ်သည်။ အများပြည်သူ ရွေးချယ်ပေးသော အစိုးရတစ်ရပ်က အများပြည်သူကိုယ်စား အုပ်ချုပ်စီမံခန့်ခွဲနေခြင်းဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီသည် အများပြည်သူသာလျှင် အဓိကဖြစ်သည်။ ဒီမိုကရေစီတွင် ပြည်သူသာအမိ၊ ပြည်သူသာအဖ ဖြစ်သည့်အတွက် ပြည်သူကိုဗဟိုပြုရမည်ဖြစ်သည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူကိုဗဟိုပြု၍ ပြည်သူကိုငဲ့ညှာထောက်ထားပြီး အလုပ်အကျွေးပြုကြရမည်ကို နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဩဂုတ်လ ၂ ရက်နေ့က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ(ပြည်သူ့၊ အမျိုးသားနှင့်တိုင်းဒေသကြီး)၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား မန္တလေးကွန်ဗင်းရှင်းစင်တာ၌ တွေ့ဆုံပြီး လမ်းညွှန်အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရာတွင် မိမိတို့လိုလားသည့် အုပ်ချုပ်ရေးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တရားမျှတမှုရှိသည့်အုပ်ချုပ်ရေးဖြစ်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားအားလုံး အခွင့်အလမ်း၊ အဆင့်အတန်းနှင့် တရားဥပဒေအရာတွင် ညီမျှရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေ စိုးမိုးရေးကို အထောက်အကူပြုသည့် အုပ်ချုပ်ရေးစနစ် ဖြစ်စေလိုပါကြောင်း၊ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်ရေးမဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထု၏ ဘဝလုံခြုံမှုနှင့် ပျော်ရွှင်မှုကိုပေးနိုင်သည့် အုပ်ချုပ်ရေးယန္တရား ဖြစ်စေလိုပါကြောင်း" မှာကြားသည်။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားများ ငြိမ်းချမ်းသာယာရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်တို့ အပြန်အလှန်ထိန်းကျောင်း၍ ယှဉ်တွဲညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တည့်မတ်မှန်ကန်ခိုင်မာစွာဖြင့် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် တစ်ဦးနှင့်တစ်ဦး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အလုပ်အကျွေးပြုရမည်ဖြစ်သည်။

ပြည်သူနှင့်ဆက်ဆံသည့်အခါ ပြည်သူကို မျက်နှာမူရသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပြည်သူကို ဗဟိုပြုပြီး ကောင်းကောင်းမွန်မွန်ဆက်ဆံရန်၊ ပြည်သူကို ပြည်သူလို ဆက်ဆံကြရန်၊ မိမိတို့၏တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပေးကြရန် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရာတွင် မိမိ၏လုပ်ဆောင်မှုတန်ဖိုးမည်မျှရှိသည်ကို မှတ်ကျောက်တင်ခံနိုင်ရမည်ဖြစ်သည်။

ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခြင်းသည် မိမိ၏ ဂုဏ်သိက္ခာပင်ဖြစ်သည်။ မိမိတို့ဖြတ်သန်းခဲ့သည့် ခေတ်ကာလအခြေအနေနှင့်လိုက်လျောညီထွေစွာဖြင့် သမိုင်းပေးတာဝန်ကို မည်မျှတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ဆိုသည်ကို နောင်မျိုးဆက်များက အဆုံးအဖြတ်ပေးမည်ဖြစ်၍ ပြည်သူကတာဝန်ပေးထားသော ပုဂ္ဂိုလ်များသာမက အရာထမ်း၊ အမှုထမ်းအားလုံးတို့က ပြည်သူသာ အမိ၊ ပြည်သူသာအဖစိတ်ထား ထား၍ ပြည်သူကိုဗဟိုပြုကာ အလုပ်အကျွေးပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ပြည်သူလူထုက တာဝန်ပေးအပ်ထားသော၊ ပြည်သူ့ဘဏ္ဍာ၊ ပြည်သူ့လစာရိက္ခာများကို ရယူခံစားနေကြသော ပြည်သူလူထုကိုယ်စားပြုသူများ၊ ပြည်သူ့ဝန်ထမ်းများက ပြည်သူကို လေးလေးစားစား အလုပ်အကျွေးပြုရင်း အချုပ်အခြာအာဏာသည် ပြည်သူလူထုထံတွင်ရှိသည်ဟူသည့် ပန်းတိုင်သို့ရောက်အောင် ဆက်လက်တက်လှမ်းပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

တိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြခန်းများတိုးချဲ့မည်

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ရေး Master Plan တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရင်းသားလူမျိုးခြောက်မျိုး၏ ပြခန်းများ ထပ်မံတိုးချဲ့နိုင်ရေးကို ကနဦးအစီအမံတွင် ဆောင်ရွက်မည် ဖြစ်ကြောင်းနှင့် ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်စရာနေရာတစ်ခု ဖြစ်သည်အထိ ဆောင်ရွက်သွားရန် မျှော်မှန်းထားကြောင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ရုံးမှသိရသည်။

စီစဉ်နေ

"လက်ရှိကတော့ ကျွန်တော်တို့ တိုင်းရင်းသားကျေးရွာကို အဆင့်မြှင့်တင်သွားဖို့ Master Plan ရေးဆွဲနေပါပြီ။ ဒီအပေါ်မှာ အကြံပြုချက်တွေကိုလည်း တိုင်းရင်းသားရေးရာအဖွဲ့အစည်းအသီးသီးကနေ တောင်းခံထားပါတယ်။ အရင်ဦးဆုံး လုပ်ငန်းတွေစတင်ရင်တော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ နေထိုင်နေကြတဲ့ တိုင်းရင်းသားလူမျိုးစု ခြောက်မျိုးရဲ့ ပြကွက်တွေကို ထပ်မံတိုးချဲ့ဆောင်ရွက်သွားဖို့တော့ စီစဉ်နေပါတယ်။ တိုင်းရင်းသားကျေးရွာကို ရောက်လာတဲ့သူတွေဟာ အဓိကကတော့ ပြည်ထောင်စုစိတ်ဓာတ်တွေ ပိုမိုတိုးတက်လာစေဖို့ဖြစ်ပါတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာအစဉ်အလာတွေ ပေါ်လွင်ထင်ဟပ်စေမယ့် Master Plan ကို ရေးဆွဲနေတယ်။ လုပ်ငန်းတွေ မကြာခင်စတင်နိုင်ဖို့လည်း လက်ရှိမှာတော့ စီစဉ်နေပါတယ်"ဟု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ရုံးတာဝန်ခံ ဦးပြည်ဟိန်းနိုင်က ပြောသည်။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)အဆင့်မြှင့်တင်ရေး Master Plan တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ တိုင်းရင်းသားမျိုးနွယ်များဖြစ်သော ပအိုဝ်း၊ ဝ၊ ပလောင်၊ နာဂ၊ ဓနု၊ ကိုးကန့် စသော တိုင်းရင်းသားများ၏ ရိုးရာအိမ်များ၊ ရိုးရာဝတ်စုံများနှင့် ဓလေ့စရိုက်များ ပါဝင်သော ပြခန်းများ၊ ပြကွက်များ တိုးချဲ့ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယင်းသည် ကနဦးလုပ်ငန်းစတင်မှုတွင် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)အဆင့်မြှင့်တင်ရေး Master Plam ရေးဆွဲရာတွင် တိုင်းရင်းသားကျေးရွာ ထူထောင်ခြင်း၏ မူလရည်ရွယ်ချက်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ် ပိုမိုတိုးတက်ရေးကို မပျောက်စေရန်နှင့် ကလေးများ၊ အမျိုးသား အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအတွက် အပန်းဖြေရန်သီးသန့်နေရာများ စီစဉ်ဖန်တီးပေးခြင်း၊ မသန်စွမ်းသူများ၊ အမြင်အာရုံချို့တဲ့သူများအတွက် စီစဉ်ပေးရန်နှင့် အမြန်ပြီးစီးနိုင်မည့်လုပ်ငန်းများကိုဦးစားပေးဆောင်ရွက်ပြီး ပြီးစီးမှုအခြေအနေများကို အများပြည်သူများသိရှိအောင် ကြေညာပေးရန်နှင့် ပြည်တွင်းတိုင်းရင်းသားများ၏ မူလပြယုဂ်များဖြစ်သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို မြန်မာပြည်တွင်းသာမက တစ်ကမ္ဘာလုံး သိအောင်ပြနိုင်မည့် ပလက်ဖောင်းဖြစ်သော ထိုအစီအမံများကို သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်မြို့၌ရှိသော ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ(ရန်ကုန်)သည် မြန်မာနိုင်ငံအတွင်းရှိ သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ထင်ရှားပေါ်လွင်စွာ လေ့လာနိုင်မည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

မြင့်မောင်စိုး

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၃

မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

ဆွမ်ပရာဘွမ်မြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းကျင်းပ

ဆွမ်ပရာဘွမ် ဩဂုတ် ၃

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက စာရေးဆရာမ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)ရေးသားသော "အလုပ်ဆိုတာ အင်အားပါ" စာအုပ် စာဖတ်ဝိုင်း ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဂွါဇာလေးက စာဖတ်ခြင်းဖြင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ပညာဗဟုသုတများ တိုးပွားလာစေရေး၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာစေရေးနှင့် လူငယ်များ ရင်းနှီးစွာတိုင်ပင်လိုစိတ်များ တိုးပွားလာစေရန်ရည်ရွယ်ချက်ဖြင့် စာဖတ်ဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး စာအုပ်စာပေချစ်မြတ်နိုးသူ ဆရာမဒေါ်ဂျာဆိုင်းက "အလုပ်ဆိုတာ အင်အားပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ ဒေါ်နီနီထွန်းက "အလုပ်လုပ်တဲ့နေရာမှာ စေတနာပါပါစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်ဂျာဆိုင်းနန်က "အလုပ်လုပ်တဲ့နေရာမှာ အောင်မြင်ချင်ရင် ဇွဲသတ္တိကိုအထူးမွေးမြူပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဂျာဆိုင်းအောင်က "အလုပ်လုပ်တဲ့နေရာမှာ သိက္ခာရှိပါစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဘောက်ဂျာက "အလုပ်လုပ်တဲ့နေရာမှာ အဆိုးမြင်စိတ်မလွှန်ကဲပါစေနဲ့" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးအပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဩ ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၄၅၁

✳ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ သူရဦးအောင်ကို၊ ဒေါက်တာမြင့်ထွေး၊ ဦးအုန်းမောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ စွယ်တော်မြတ်လေးဆူဖြစ်သည့် ရွှေစည်းခုံစေတီ၊ တန့်ကြည့်တောင်စေတီ၊ လောကနန္ဒာစေတီ၊ တုရင်တောင်စေတီနှင့် အလိုတော်ပြည့်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ ဓမ္မရံကြီးဘုရားနှင့် သဗ္ဗညုဘုရားတို့အား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြား

ထို့နောက် နိုင်ငံတော်သမ္မတသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိကာ ပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုလေ့လာပြီး ပုဂံဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဗိသုကာလက်ရာများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ပြန်လည်ရောက်ရှိ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ညောင်ဦးမြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဓမ္မရံကြီးဘုရားလိုဏ်ဂူတော်အတွင်း လှည့်လည်ကြည်ညိုစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သဗ္ဗညုဘုရားလိုဏ်ဂူတော်အတွင်း လှည့်လည်ကြည်ညိုစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရွှေစည်းခုံစေတီတော်အား လှည့်လည်ကြည်ညိုစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်း မြစေတီကျောက်စာကို ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အလိုတော်ပြည့်ဘုရားအား ဖူးမြော်ကြည်ညိုစဉ်။

တတိယအကြိမ် မြန်မာ့ကျောက်မျက်ရတနာနေ့ အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃

တတိယအကြိမ် မြန်မာ့ကျောက်မျက်ရတနာနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ အသင်းတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အသင်းခွဲများ တိုးချဲ့ဖွဲ့စည်း

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၇ ခုနှစ်မှစတင်၍ ဩဂုတ်လ ၃ ရက်ကို ကျောက်မျက်ရတနာကဏ္ဍ၏ နေ့ထူးနေ့မြတ်၊ မြန်မာ့ကျောက်မျက်ရတနာနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း စတင်တည်ထောင်ခွင့်ရရှိသည့်အချိန်မှစ၍ မြန်မာနိုင်ငံအတွင်း ကျောက်မျက်ရတနာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းခွဲများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အပြင် ဒေသခံတိုင်းရင်းသားများ၏ ကျောက်မျက်ရတနာလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေရေး ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနေ

မြန်မာ့ကျောက်မျက်ရတနာများသည် နိုင်ငံအတွက် နိုင်ငံခြားငွေ ရှာဖွေပေးနိုင်သကဲ့သို့ အခွန်ဘဏ္ဍာများစွာရရှိပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အထောက်အကူပြုလျက်ရှိပါကြောင်း၊ ကျောက်မျက်ရတနာကဏ္ဍသည် နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနေသည့် စီးပွားရေးကဏ္ဍတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာကဏ္ဍ၏ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ရည်ရွယ်ချက်များ ပြည့်ဝအောင်မြင်စေရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ရှေးရှု၍ မြန်မာ့ကျောက်မျက်ရတနာများကို သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲနိုင်ရေး တာဝန်ရှိသူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်း၏ စတုတ္ထသက်တမ်းဥက္ကဋ္ဌ ဦးရုံးမူက မြန်မာ့ကျောက်မျက်ရတနာနေ့အတွက် ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက လှူဒါန်းသည့် ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်းဧက ၁၀၀ အတွက် အလှူငွေများကို လက်ခံရယူပြီး အသင်းဥက္ကဋ္ဌအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မြန်မာ့ကျောက်မျက်ရတနာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြပွဲများကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ကြသူများနှင့် အသင်းအဖွဲ့များအား ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ရှင်းလင်းတင်ပြ

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဒသမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အသင်းအလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာအကျဉ်းချုပ်ကိုတင်ပြခြင်း၊ ငွေစာရင်းနှစ်ချုပ်ရှင်းတမ်းရှင်းလင်းခြင်းနှင့် အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်းများကို ဆောင်ရွက်ကြသည်။ **သတင်းစဉ်**

မိတ္ထီလာခရိုင်အတွင်း ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၃

မိတ္ထီလာခရိုင်အတွင်းရှိ မူလတန်းကြိုကျောင်းများ၊ ပရဟိတဂေဟာများ၊ သင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ မိဘများ၊ ဌာနဆိုင်ရာများနှင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ အောင်မင်္ဂလာခန်းမ၌ ဆောင်ရွက်သည်။

လိုအပ်သောအစီအမံများ ချမှတ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားဖြစ်သော အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးတို့ကို ဖော်ဆောင်ပေးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကြာမီကပြဋ္ဌာန်းခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်တို့တွင် ပါဝင်ပါကြောင်း၊ ဥပဒေအသစ်သည် ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေးသူငယ်အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေး လိုအပ်သောအစီအမံများချမှတ်ဆောင်ရွက်ရန်၊ ကလေးသူငယ်များအား လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းများကို ကာကွယ်စောင့်ရှောက်ရန်၊ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်နှင့် တည်ဆဲဥပဒေအရသတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးနှင့် အကာအကွယ်တို့ကို ကလေးသူငယ်အားလုံး တန်းတူညီမျှရရှိစေပြီး ခွဲခြားဆက်ဆံခြင်းမပြုရန်တို့ကို ရည်ရွယ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း။

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းဥပဒေကို အကောင်အထည်ဖော်ရာတွင် လူ့ဘဝစက်ဝန်းအစ ပဋိသန္ဓေတည်စမှစ၍ အသက်ရှစ်နှစ်အထိ ရှေးဦးအရွယ်ကလေးသူငယ်ကာလအတွင်း စနစ်တကျပြုစုလေ့ကျင့်ပေးခြင်းဖြင့် ဦးနှောက်ဖွံ့ဖြိုးမှုကောင်းစွာရရှိပြီး သင်ကြား၊ သင်ယူမှုအခြေခံကောင်းများရရှိသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မွေးစမှ သုံးနှစ်အတွင်း နေ့ကလေးထိန်းကျောင်းများ၊ သုံးနှစ်မှ ငါးနှစ်အထိ မူကြိုကျောင်းများဖြင့် ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လုံလောက်ရန် များစွာလိုအပ်နေသေးကြောင်း။

စံချိန်စံညွှန်းများကို လိုက်နာရန်လို

ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုပျိုးထောင်ရန် ဝန်ကြီးဌာနက စောင့်ရှောက်ရေးဂေဟာများ၊ သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပရဟိတဂေဟာများ၊ သင်တန်းကျောင်းများ ဖွင့်လှစ်စောင့်ရှောက်ပေးနေသော လူမှုအဖွဲ့အစည်းများစွာလည်းရှိကြောင်း၊ ယင်းအဖွဲ့အစည်းများအနေဖြင့် ဂေဟာ/သင်တန်းကျောင်းများတွင် လူမှုဝန်ထမ်းဦးစီးဌာနက ချမှတ်ထားသည့် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများကို လိုက်နာရန်လိုပါကြောင်း။

မြို့နယ်များအထိ တိုးချဲ့ဖွင့်လှစ်ရန်စီစဉ်

ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက မူလတန်းကြိုကျောင်းများ တည်ထောင်လိုပါက လိုက်နာရန်လိုအပ်သည့် အချက်အလက်များလည်း ချမှတ်ထားပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများကို လာမည့်ဘဏ္ဍာနှစ်တွင် မြို့နယ်များအထိ တိုးချဲ့ဖွင့်လှစ်ရန်စီစဉ်လျက်ရှိကြောင်း၊ သင်တန်းတက်ရောက်ရန် သက်ဆိုင်ရာခရိုင်၊ မြို့နယ်ရုံးများတွင်လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၄ နာရီ ဝန်ဆောင်မှုဖုန်းများကိုလည်းကောင်း ဆက်သွယ်စာရင်းပေးသွင်းတက်ရောက်နိုင်ပါကြောင်း ပြောကြားသည်။

ရှင်းလင်းဖြေကြား

ထို့နောက် မိတ္ထီလာခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအတွင်းရေးမှူးက ကလေးသူငယ်အခွင့်အရေးများအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး မိတ္ထီလာခရိုင်အတွင်း ကလေးသူငယ်မှုခင်းဖြစ်ပွားမှုများတွင် ကူညီစောင့်ရှောက်ပေးသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်ကြသူများက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းအတွက် သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြသည်။ ထို့နောက် ကလေးသူငယ်များအား နည်းစနစ်ကျသော အမှိုက်စွန့်ပစ်ခြင်းသရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ပြီး အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး ရိပ်သာတာဝန်ရှိသူများက မိတ္ထီလာဘိုးဘွားရိပ်သာ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဘိုးဘွားများအား ဂါရဝပြုနှုတ်ဆက်၍ ထောက်ပံ့ငွေများ လှူဒါန်းပေးအပ်သည်။

ကျောင်းသုံးစာအုပ်များ ထောက်ပံ့

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ ရောက်ရှိကြပြီး ဂေဟာရှိလူငယ်များအား အားပေးစကားပြောကြားခြင်း၊ ကလေးသူငယ်များက ရိုးရာသီချင်းများ၊ ရိုးရာသိုင်းသရုပ်ပြကကွက်များဖြင့် တင်ဆက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ကလေးများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းညှိနှိုင်းပေးခြင်း၊ အာဟာရမုန့်များ ပေးဝေခြင်းနှင့် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှေ့ဆောင်မျက်မမြင်ကျောင်းသို့ သွားရောက်ပြီး ကျောင်းသားများအား နှုတ်ဆက်စကားပြောကြားကာ ကျောင်းသားများက မျက်မမြင်သံစုံတီးဝိုင်းဖြင့် တင်ဆက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ငွေများ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ ညောင်ကိုင်းပရဟိတဂေဟာသို့ရောက်ရှိပြီးဂေဟာရှိတာဝန်ရှိသူများနှင့်အတူ လူငယ်များအား နှုတ်ဆက်အားပေးစကား ပြောကြားခြင်း၊ လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းပေးခြင်းနှင့် ကျောင်းသုံးစာအုပ်များ ထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

သတင်းထုတ်ပြန်ချက်

(၅၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်

ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံး၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဆက်လက်ထောက်ခံကြောင်း အာဆီယံက ထပ်လောင်းအတည်ပြု

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၃ ရက်အထိ ကျင်းပပြုလုပ်သည့် (၅၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃၀ ရက်တွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲ၊ အရှေ့တောင်အာရှနျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘောညစာစားပွဲတို့သို့ အခြားအာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။ အလုပ်သဘောညစာစားပွဲတွင် ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရာတွင် မြန်မာနှင့်အာဆီယံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကို လေ့လာသည့် အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များ ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို အလွတ်သဘော ဆွေးနွေးခဲ့ကြသည်။

ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းအသိပေး

ပြည်ထောင်စုဝန်ကြီးက ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားရှိ နေရပ်စွန့်ခွာသူများထံသို့ သွားရောက်ရှင်းလင်းပြောကြားခဲ့သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်၊ အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များကို ဆက်လက်အကောင်အထည်ဖော်ရေးအတွက် မြန်မာ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့မှ ကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းအဖွဲ့တစ်ရပ် ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများ၊ ပြန်လည်ဝင်ရောက်လာသူများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီးရာတွင် UNDP ၊ UNHCR တို့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ စသည်တို့အပါအဝင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းအသိပေးခဲ့သည်။ ထို့နောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များ အကောင်ထည်ဖော်ရာတွင် ကူညီပံ့ပိုးပေးမည့် Ad Hoc Unit တစ်ခု ယာယီထားရှိရန် အာဆီယံအတွင်းရေးမှူးချုပ်၏ အဆိုပြုချက်ကို သဘောတူညီခဲ့ကြသည်။

မကြာသေးမီက ဘင်္ဂလားဒေ့ရှ်ဘက်သို့ အများအပြားတိမ်းရှောင်ရွှေ့ပြောင်းမှုများ ဖြစ်ခဲ့ရခြင်းမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတို့တွင် အာဆာအကြမ်းဖက်အဖွဲ့က နယ်ခြားစောင့်တပ်ဖွဲ့အမြောက်အမြားကို တစ်ပြိုင်တည်း ချိန်ကိုက် စတင်တိုက်ခိုက်မှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်ကို ကမ္ဘာက မျက်ကွယ်ပြုမထားသင့်ကြောင်း၊ နေရပ်စွန့်ခွာသူအရေအတွက်ကို ဘင်္ဂလားဒေ့ရှ်ဘက်က ၁.၂ သန်းဟု ပြောကြားချက်မှာ ကိန်းဂဏန်းအရ ဖောင်းပွမှုများရှိပါကြောင်း၊ ကိန်းဂဏန်းအမှန်ကို စိစစ်အတည်ပြုရန် လိုအပ်နေ

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်လ ၃၁ ရက် နံနက်ပိုင်းတွင် အခြားအာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)အား ပူးတွဲဂါရဝပြုတွေ့ဆုံခဲ့ပြီးနောက် (၅၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ (၅၂)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေးသို့လည်းကောင်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပီရူးနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့လည်းကောင်း၊ အာဆီယံ၏ဆွေးနွေးဖက်နိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ရုရှား၊ နယူးဇီလန်နိုင်ငံတို့နှင့် သီးခြားစီကျင်းပပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ်လ ၁ ရက်တွင် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ဩစတြေးလျ၊ ဂျပန်၊ အိန္ဒိယ၊ ကနေဒါ၊ အမေရိကန် ၊ ဥရောပသမဂ္ဂ၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့် သီးခြားစီကျင်းပပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ကနေဒါနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက အစည်းအဝေးတက်ရောက်လာကြသော နိုင်ငံခြားရေးဝန်ကြီးများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ်လ ၂ ရက်တွင် အကြိမ်(၂၀)မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၉) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၂၆)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်၏ သီးသန့်အစည်းအဝေးနှင့် မျက်နှာစုံညီအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ (၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၂၆)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်၏ သီးသန့်အစည်းအဝေးတို့တွင် ရခိုင်အရေးကိစ္စသည် သိမ်မွေ့ရှုပ်ထွေးသဖြင့် ပြဿနာအရင်းအမြစ်ကို ဖြေရှင်းရန် လိုအပ်ကြောင်း၊ နေရပ်ပြန်လာသူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်ဖန်တီးပေးရေးမှာ အရေးကြီးကြောင်း၊ အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာနှင့် ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ကော့ဘဇားသို့ သွားရောက်ရှင်းလင်းပြောကြားခဲ့သည့် အစီအစဉ်ကိုကြိုဆိုကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရာတွင် အာဆီယံအနေဖြင့် မြန်မာနိုင်ငံကိုဆက်လက်ကူညီပံ့ပိုးပေးရန်နှင့် နေရပ်ပြန်ပို့ရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုများ ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း စသည်ဖြင့် ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြသည်။

နှစ်နိုင်ငံညှိနှိုင်းဖြေရှင်းရမည့် ပြဿနာဖြစ်

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ထိုသို့ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေသည့်ကာလတွင် မြန်မာအစိုးရ ရင်ဆိုင်ကြုံတွေ့နေသည့် စိန်ခေါ်မှုများအနက် တစ်ခုသာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စကို အများက ဘာသာရေးပြဿနာတစ်ရပ်အဖြစ် လွဲမှားစွာပုံဖော်နေကြခြင်းကြောင့် ယင်းကိစ္စကိုသာ ကမ္ဘာက အာရုံစိုက်နေကြခြင်းဖြစ်ကြောင်း၊ အမှန်တကယ်အားဖြင့် ဘာသာရေးဖိနှိပ်မှုပြဿနာလည်း မဟုတ်သကဲ့သို့ လူမျိုးစုတစ်စုအား အဓမ္မနှင်ထုတ်သည့် ကိစ္စလည်း မဟုတ်ကြောင်း၊ ယင်းကိစ္စမှာ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်၍ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများ ပါဝင်ပတ်သက်သည့် သမိုင်းကြောင်းနှင့်ချီ၍ ဖြစ်ပေါ်လာသည့် ပြဿနာဖြစ်ကြောင်း၊ ကိုလိုနီခေတ်ကာလမှစတင်၍ မြန်မာဘက်သို့ တရားမဝင်အစုလိုက်အပြုံလိုက်ရွှေ့ပြောင်းမှုများ (၃)ကြိမ်ဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ ထို့ကြောင့် ယင်းပြဿနာမှာ နှစ်နိုင်ငံညှိနှိုင်းဖြေရှင်းရမည့်ပြဿနာဖြစ်ကြောင်း၊ မကြာသေးမီက ဘင်္ဂလားဒေ့ရှ်ဘက်သို့ အများအပြားတိမ်းရှောင်ရွှေ့ပြောင်းမှုများ ဖြစ်ခဲ့ရခြင်းမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတို့တွင် အာဆာအကြမ်းဖက်အဖွဲ့က နယ်ခြားစောင့်တပ်ဖွဲ့အမြောက်အမြားကို တစ်ပြိုင်တည်း ချိန်ကိုက် စတင်တိုက်ခိုက်မှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်ကို ကမ္ဘာက မျက်ကွယ်ပြုမထားသင့်ကြောင်း၊ နေရပ်စွန့်ခွာသူအရေအတွက်ကို ဘင်္ဂလားဒေ့ရှ်ဘက်က ၁.၂ သန်းဟု ပြောကြားချက်မှာ ကိန်းဂဏန်းအရ ဖောင်းပွမှုများရှိပါကြောင်း၊ ကိန်းဂဏန်းအမှန်ကို စိစစ်အတည်ပြုရန် လိုအပ်နေသေးဆဲဖြစ်ကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပတ်သက်၍လည်း မြန်မာအစိုးရအနေဖြင့် လွတ်လပ်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကော်မရှင်အနေဖြင့် ကော့ဘဇားသို့ သွားရောက်စုံစမ်းစစ်ဆေးရန် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

စိစစ်မှုများခံယူရန် လိုအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံးအတွက် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကတိပြုထားကြောင်း၊ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အမှန်တကယ်နေထိုင်ကြောင်း စိစစ်အတည်ပြုနိုင်သူအားလုံးကို နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရန် အသင့်ရှိကြောင်း၊ နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းသို့လျှောက်ထားရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုအပ်သော စိစစ်မှုများ ခံယူရန်လိုအပ်ကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre နှင့် ASEAN-ERAT တို့မှ ကိုယ်စားလှယ်များနှင့် မြန်မာအဆင့်မြင့် အရာရှိများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မကြာသေးမီက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားရှိ နေရပ်စွန့်ခွာသူများထံသို့ သွားရောက်ပြီး ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းပြခဲ့ကြောင်း၊ ဤအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ အာဆီယံတို့နှင့် ပူးပေါင်း၍ နေရပ်ပြန်လာမည့်သူများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနှင့် အာဆီယံအကြား ပူးပေါင်းဆောင်ရွက်မှုများသည် ကုလသမဂ္ဂနှင့် မိမိတို့၏ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းများကို အစားထိုးရန်အတွက် ရည်ရွယ်ခြင်းမဟုတ်ဘဲ အချင်းချင်းအပြန်အလှန်အားဖြည့်ကူညီရန်အတွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စသည် လွန်စွာသိမ်မွေ့ရှုပ်ထွေးသဖြင့် အသိုက်အဝန်းများအကြား ယုံကြည်မှုနှင့် သဟဇာတရှိမှုကို တည်ဆောက်နိုင်ရေးနှင့်

စာမျက်နှာ ၉ သို့

ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းသိမ်းမှု စက်ဝိုင်း

ဒေါက်တာဖုန်းမြင့်

ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဆေးရွက်ကြီး စိုက်ပျိုးခြင်းမှ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်း စသည့် အဆင့်အသီးသီးပါဝင်သည့် ဖြစ်စဉ်တစ်လျှောက်ကို သိနားလည်ထားပြီး အဆိုပါအဆင့်များနှင့် လိုက်လျောညီထွေမှုရှိသည့် ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အရေးကြီးပါသည်။

ဆေးရွက်ကြီးမှ ဆေးလိပ်အထိ စိုက်ပျိုး၊ ထုတ်လုပ်၊ ထုပ်ပိုး၊ ဈေးကွက်တင်၊ ရောင်းချ၊ သုံးစွဲခြင်း လုပ်ငန်းအဆင့်ဆင့်တို့သည် ကျယ်ပြန့်ရှုပ်ထွေးလှသည်ဖြစ်ပြီး ဆေးလိပ် ထုတ်လုပ်သူများသည် ဆေးရွက်ကြီး၊ ဆေးလိပ် ထိန်းသိမ်းမှုလုပ်ငန်းများအပေါ် ပြန်လည်တုံ့ပြန်မှုပြုနိုင်ရန် အဆင့်အလိုက် ဗျူဟာများ ချမှတ်ဆောင်ရွက်တတ်သည်ဖြစ်ရာ ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆိုပါလုပ်ငန်းအဆင့်များကိုသိရှိပြီး လိုအပ်သည့် ထိန်းသိမ်းမှု လုပ်ငန်းများကို ဆိုင်ရာအဆင့်နှင့် လျော်ညီစွာ ဆောင်ရွက်နိုင်ပါက လုပ်ငန်းများပိုမိုအောင်မြင်နိုင်မည် ဖြစ်ပါသည်။

အဆိုပါအဆင့်များမှာ

- စိုက်ပျိုးခြင်း (Growing)၊
- ထုတ်လုပ်ခြင်း (Manufacturing)၊
- ထုပ်ပိုး၊ တံဆိပ်တပ်ခြင်း (Packaging and Labeling)၊
- ဈေးကွက်တင်ခြင်း (Marketing)၊
- အခွန်မူဝါဒများ (Tax Policies)၊
- ဆိုင်တင်ရောင်းချခြင်း (Point of Purchase)၊
- သုံးစွဲခြင်း (Product use)၊
- စွန့်ပစ်ခြင်း (Disposal) တို့ဖြစ်သည်။

စိုက်ပျိုးခြင်း

အစိုးရအနေဖြင့် ဆေးရွက်ကြီး စိုက်ပျိုးသူတောင်သူများအတွက် ဆေးရွက်ကြီး အစားထိုးစိုက်ပျိုးရေးလုပ်ငန်းများ လုပ်နိုင်ရန် လိုအပ်သည့်သင်ကြားမှုများဖြင့် ကျွမ်းကျင်မှုများရစေခြင်း၊ ထွက်လာသည့် ပစ္စည်းများအတွက် သယ်ယူပို့ဆောင်ရေးအစီအစဉ်ရှိစေခြင်း၊ ဈေးကွက်အာမခံမှုရှိစေခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အထူးသဖြင့် ဆေးလိပ်ထုတ်လုပ်သူများသည် ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းသိမ်းခြင်း လုပ်ငန်းများကြောင့် ဆေးရွက်ကြီးစိုက်တောင်သူများ၊ အလုပ်လက်မဲ့ဖြစ်စေကြောင်း၊ ဝင်ငွေထိခိုက်စေကြောင်းစသည့် အကြောင်းပြချက်များဖြင့် အဆိုပါတောင်သူများက အင်အားကိုရယူကာ အစိုးရ၏ ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းသိမ်းခြင်းလုပ်ငန်းများကို တစ်နည်းတစ်ဖုံ တန်ပြန်လေ့ရှိကြသဖြင့် မိမိတို့၏ ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆေးရွက်ကြီးစိုက် တောင်သူများက ဆန့်ကျင်ခြင်းများပြုလုပ်ခြင်းမှ ကာကွယ်နိုင်ရန် လိုအပ်ပါသည်။

ထုတ်လုပ်ခြင်း

မိမိတို့၏ ထုတ်ကုန်များကို သုံးစွဲသူများ စွဲမက်၊ စွဲလမ်းစေရန် အလို့ငှာ ဆေးလိပ်လုပ်ငန်းရှင်ကြီးများက အနံ့၊ အရသာကောင်းမွန်အောင် နီကိုတင်းကို ခန္ဓာကိုယ်အတွင်း စုပ်ယူမှု မြန်ဆန်လွယ်ကူစေရန် ထပ်ဆောင်းပစ္စည်းများ ထပ်ထည့်တတ်ပါသည်။ ထိုသို့ မပြုလုပ်နိုင်ရန် ထုတ်လုပ်မှုအဆင့်တွင် တားဆီးထားရပါမည်။

> ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ထိန်းသိမ်းခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့်ရရှိမည့် ကျန်းမာရေးဆိုးကျိုးများမှ ကာကွယ်နိုင်ရန်အတွက် ဆေးလိပ်၊ ဆေးရွက်ကြီး အစပြုမသုံးစွဲစေရေး၊ သုံးစွဲနေသူများကိုလည်း အချိန်မီရပ်တန့်စေရေး၊ ဆေးလိပ်မသောက်သူများကိုလည်း တစ်ဆင့်ခံ ဆေးလိပ်ငွေ့၊ ဆေးကြွင်းဆေးကျန်များမှတစ်ဆင့် ကျန်းမာရေးမထိခိုက်စေရေးတို့ကို ဦးတည် ဆောင်ရွက်နေခြင်းဖြစ်



ထုပ်ပိုးခြင်းနှင့် တံဆိပ်တပ်ခြင်း

ဆေးရွက်ကြီးထွက်ပစ္စည်းများကို ဆွဲဆောင်မှုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်း မရှိစေရေးအတွက် ရိုးရှင်းပြီး ဆွဲဆောင်မှုမရှိစေမည့် ထုပ်ပိုးတံဆိပ်တပ်ဆင်မှုများ ပြုလုပ်စေရပါမည်။

ဈေးကွက်တင်ခြင်း

ဤအဆင့်တွင် ထုတ်လုပ်သူများသည် ဈေးကွက်ပိုမိုရယူနိုင်ရန်အတွက် ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ မိမိတို့၏ ထုတ်ကုန်၊ မိမိတို့၏ လုပ်ငန်းအပေါ် ပုံရိပ်နှင့်အထင်အမြင်ကောင်းရယူနိုင်ရေးအတွက် အားကစားအပါအဝင် လုပ်ငန်းများတွင် ပံ့ပိုးခြင်း၊ လှူဒါန်းခြင်းများ ပြုလုပ်တတ်သဖြင့် ထိုသို့မပြုလုပ်နိုင်ရန် တားဆီးရပါမည်။

အခွန်မူဝါဒများ

ဆေးရွက်ကြီးထွက်ပစ္စည်းမှန်သမျှ ဈေးနှုန်းမြင့်သည်နှင့်အမျှ သုံးစွဲမှုများကိုလည်း ကျဆင်းစေသည့် အထောက်အထားများ ရှိပါသည်။ အဆိုပါ ပစ္စည်းဈေးနှုန်းမြင့်မားလာရန်အတွက် ယစ်မျိုးအခွန်အပါအဝင် အခွန်နှုန်းများကို မြှင့်တင်ရပါမည်။ ထိုသို့မြှင့်တင်ပေးပြီး လူတစ်ဦးချင်းဝင်ငွေ၊ ငွေကြေးဖောင်းပွနှုန်းများကိုလည်း အစဉ်တစိုက် စောင့်ကြည့်နေကာ သုံးစွဲသူများ ဆေးရွက်ကြီးထွက်ပစ္စည်းများကို လက်လှမ်းမမီစေရေးအတွက် အခွန်နှုန်းများကို လိုအပ်သလို အမြဲပြင်ဆင်မြှင့်တင်ပေးနေရပါမည်။

ဆိုင်တင်ရောင်းချခြင်း

ဆေးလိပ်လွယ်လင့်တကူဝယ်ယူနိုင်မှု မရှိစေရေးအတွက် ဆိုင်တင်ရောင်းချသည့် နေရာတွင် ဆေးလိပ်ရောင်းချကြောင်း အလွယ်တကူသိရှိစေရန် ထင်ထင်ပေါ်ပေါ် ပြထားခြင်းများကို တားမြစ်ရပါမည်။

သုံးစွဲခြင်း

ဆေးလိပ် မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့၊ ဆေးကြွင်းဆေးကျန်များမှတစ်ဆင့် ကျန်းမာရေးအပေါ် ဆိုးကျိုးများ သက်ရောက်နိုင်သဖြင့် ထိုသူတို့ ကာကွယ်ရန်အတွက် ဆေးလိပ်သောက်ခြင်းကို ကန့်သတ်တားဆီးသည့် ဆေးလိပ်ငွေ့ ကင်းမဲ့နေရာများ သတ်မှတ်ပေးရပါမည်။

စွန့်ပစ်ခြင်း

ဆေးလိပ်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်မှ ဖြစ်ပေါ်လာသည့် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးမရောက်စေရန် ကာကွယ်ရှင်းလင်းသည့်လုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို ဆေးလိပ်၊ ဆေးရွက်ကြီးလုပ်ငန်းရှင်များက ကျခံစေရပါမည်။

အချုပ်အားဖြင့်ဆိုရသော် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ထိန်းသိမ်းခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့်ရရှိမည့် ကျန်းမာရေးဆိုးကျိုးများမှ ကာကွယ်နိုင်ရန်အတွက် ဆေးလိပ်၊ ဆေးရွက်ကြီး အစပြုမသုံးစွဲစေရေး၊ သုံးစွဲနေသူများကိုလည်း အချိန်မီရပ်တန့်စေရေး၊ ဆေးလိပ်မသောက်သူများကိုလည်း တစ်ဆင့်ခံ ဆေးလိပ်ငွေ့၊ ဆေးကြွင်းဆေးကျန်များမှ တစ်ဆင့် ကျန်းမာရေးမထိခိုက်စေရေးတို့ကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆေးလိပ်၊ ဆေးရွက်ကြီးထွက် ပစ္စည်းအခွန်တိုးမြှင့်ကောက်ခံခြင်းဖြင့် အဆိုပါပစ္စည်းများကို ဈေးနှုန်းကြီးမားစေပြီး အထူးသဖြင့် လူငယ်လူရွယ်များတွင် အစပြုသုံးစွဲခြင်းကို တားဆီးရန်ဖြစ်ပါသည်။ ဈေးနှုန်းမြှင့်တင်ခြင်းဖြင့် အလွယ်တကူ လက်လှမ်းမမီစေသည်သာမက ဆေးလိပ်၊ ဆေးရွက်ကြီး ပစ္စည်းထုတ်လုပ်သူများက မိမိတို့ပစ္စည်း အရောင်းတွင်ကျယ်စေရေးအတွက် ဈေးကွက်ဗျူဟာများဖြစ်သည့် ဆွဲဆောင်မှုရှိစေခြင်း၊ အရောင်းမြှင့်တင်ခြင်း အပါအဝင် လုပ်ငန်းများမဆောင်ရွက်နိုင်အောင် တားဆီးရန်လိုအပ်ပါသည်။ ထိုနည်းတူ ဆိုင်တင်ရောင်းချသည့်နေရာများတွင်လည်း လွယ်လင့်တကူ ဝယ်ယူမှုမရရှိစေခြင်းဖြင့် ဆေးလိပ်သောက်သုံးခြင်းကို အဟန့်အတားဖြစ်စေသည့် လုပ်ငန်းများလည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဆေးလိပ်၊ ဆေးရွက်ကြီး ထုတ်လုပ်ရောင်းချမှုသည် အမြတ်ငွေ လွန်စွာရရှိသည့်လုပ်ငန်းဖြစ်ရာ ထုတ်လုပ်သူများကလည်း မိမိတို့အကျိုးစီးပွား မထိခိုက်စေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သည်သာမက ထိန်းသိမ်းခြင်း လုပ်ငန်းဆိုင်ရာဥပဒေများ၏ အားနည်းချက်များအပေါ် အမြတ်ထုတ်နိုင်ရန်၊ သုံးစွဲသူများ၊ မူဝါဒချမှတ်သူများကိုလည်း လှည့်စားနိုင်ရန်၊ ဥပဒေဆိုင်ရာ ပံ့ပိုးသူများ၊ သုတေသီများအပါအဝင် သိပ္ပံပညာရှင်များ၏ အင်အားကိုလည်း ရယူဆောင်ရွက်နေသည်ဖြစ်ရာ အစိုးရအနေဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံပြီးပြည့်စုံမှုရှိစေရန် (Comprehensiveness)နှင့် ဌာနစုံ၊ အဖွဲ့အစည်းစုံ ပူးပေါင်းပါဝင်မှုရရှိရန် (Collaboration) အားပြုဆောင်ရွက်ရမည်ဖြစ်ပါသည်။ ။

ရည်ညွှန်း

Drope J, Schluger N, Cahn Z, Hamil S, Islami.F, Liber A, Nargis N, Stoklosa M 2018, The Tobacco Atlas, Atlanta American Cancer Society and Vital Strategies.

Air KBZ လေကြောင်းလိုင်း၏ ရှစ်နှစ်ပြည့်အထိမ်းအမှတ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃

Air KBZ လေကြောင်းလိုင်း၏ ရှစ်နှစ်ပြည့်အခမ်းအနားနှင့် ဧပြီ ၃ ရက်မှ ဇူလိုင် ၃၁ ရက်အထိ လေကြောင်းလိုင်းခရီးစဉ်များတွင် လိုက်ပါစီးနင်းခဲ့သော ခရီးသည်များအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ဆုချီးမြှင့်သည့်အစီအစဉ်ကို ဩဂုတ် ၂ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

ဆုများပေးအပ်ချီးမြှင့်

ရှေးဦးစွာ Accountable Manager Capt. ဦးကျော်ဟန်က အဖွင့်အမှာစကားပြောကြားပြီး Air KBZ ဒုတိယဥက္ကဋ္ဌ ဦးဇွဲထက်သိန်းနှင့် တာဝန်ရှိသူများက ဝန်ထမ်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ လေကြောင်းလိုင်းတွင် လိုက်ပါစီးနင်းခဲ့သည့် ခရီးသည်များအတွက် မဲဖောက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပသည်။ အဆိုပါလေကြောင်းလိုင်းသည် ခရီးသည်များအတွက် အထူးအစီအစဉ်အနေဖြင့် ဧပြီ ၂ ရက်တွင် ပထမအကြိမ်နှင့် ဩဂုတ် ၂ ရက်တွင် ဒုတိယအကြိမ်တို့အဖြစ် မဲဖောက်၍ ဆုချီးမြှင့်ပွဲ ပြုလုပ်ပေးခဲ့သည့်အပြင် မိတ်ဖက်ကုမ္ပဏီများဖြစ်သည့် လေယာဉ်လက်မှတ် အရောင်းကိုယ်စားလှယ်များအနက် စွမ်းဆောင်ရည်မြင့်မားသော ကိုယ်စားလှယ်များကို ရွေးချယ်၍ ၂၀၁၉ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဖိုးသော်ဇင်

Air KBZ လေကြောင်းလိုင်း၏ ရှစ်နှစ်ပြည့် အထိမ်းအမှတ်ပွဲတွင် ထူးချွန်ဝန်ထမ်းများကို ဂုဏ်ပြုဆုချီးမြှင့်နေစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ခန်းမအခမဲ့သုံးနိုင်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကာတွန်းပညာ ပြန့်ပွားရေးအတွက် စာတမ်းဖတ်ပွဲများပြုလုပ်လိုပါက ခန်းမအခမဲ့အသုံးပြုနိုင်မှု၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် သတင်းစာ၊ စာစောင်များတွင် ကာတွန်းများ ပါဝင်ရေးသားနိုင်မှု၊ ကြေးမုံသတင်းစာတွင် ဆရာဦးအောင်ရှိန် ရေးခဲ့သည့် ကြေးမုံခင်ကဲ့သို့၊ ဆရာ ဦးငွေကြည်ရေးသားသည့် လောကကြီး မှာဗျာ ကဲ့သို့ ကာတွန်းများဖော်ပြလိုမှု စသည်ဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြန်မာနိုင်ငံကာတွန်းဆရာများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာတွင် သတင်းကာတွန်းများ ဖော်ပြနိုင်ရေး၊ စာမူခထုတ်ယူမှုအခြေအနေ၊ ကလေးစာပေပွဲတော်များတွင် ကာတွန်းကဏ္ဍပါဝင်ရေး၊ လူငယ်စာပေဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားကာတွန်းပညာရှင်များ ဖိတ်ကြားရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေး ကာတွန်းပြပွဲများ ပြသနိုင်ရေး၊ ရွှေသွေးဂျာနယ်တွင် ကာတွန်းပညာရှင်များ ပါဝင်ရေးဆွဲရေးတို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကာတွန်းဆရာများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းကို ၂၀၁၆ ခုနှစ် မတ်လက စတင်တည်ထောင်ခဲ့ပြီး အသင်းရုံးကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ် (၁၇၃/၁၇၅) အခန်းအမှတ် (၆၀၁)တွင် ဖွင့်လှစ်ထားရှိကာ အသင်းဝင် ကာတွန်းဆရာ ၃၀၀ နီးပါးရှိကြောင်း သိရသည်။ **သတင်းစဉ်**

ကလေးကာတွန်းဆိုတာ အလွန်အရေးကြီးပါတယ်။ ရွှေသွေးဆိုတာ ကလေးအရွယ်ဖတ်တဲ့ဟာပေါ့၊ ကလေးစိတ်ပညာကို နားလည်တဲ့ ဆရာတွေက ဇာတ်လမ်းရေးရမယ်၊ သရုပ်ဖော်ရမယ်၊ မှားသွားလို့ မရဘူး

ဆရာ စိုးသော်တာ

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များသည် ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အသင်းပညာပြန့်ပွားရေး တာဝန်ရှိသူတို့နှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-

တွေ့ဆုံမေးမြန်း - ရီရီမြင့်
ဓာတ်ပုံ - ရဲထွဋ်

ဆရာ အော်ပီကျယ်

ဆရာ မောင်မောင်ဖောင်တိန်

ဆရာ စိုးသော်တာ

ဆရာ အော်ပီကျယ်
(မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်း ဥက္ကဋ္ဌ)

ကာတွန်းဆရာအသင်းရဲ့ အဓိကက အသင်းဝင်မှု၊ မဝင်မှုမဟုတ်ပါဘူး။ ကာတွန်းလောကသားအားလုံးအတွက် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကာတွန်းပညာတိုးတက်ရေး၊ ကာတွန်းဆရာများရဲ့ဘဝမြှင့်တင်ရေးအတွက် အဓိကလုပ်ဆောင်ပေးပါတယ်။ နှစ်နှစ်အတွင်းမှာ ကာတွန်းပညာပြန့်ပွားရေးအတွက်လုပ်တာ ၁၂ ကြိမ်ရှိပြီ။ မူပိုင်ခွင့်အပိုင်းကို ဆွေးနွေးတာသက်သက် နှစ်ပွဲရှိပါတယ်။ ရေဘေးတို့၊ ဘာတို့ဖြစ်ရင် ရန်ပုံငွေရှာပေးပါတယ်။ ပညာပြန့်ပွားရေးက တတ်နိုင်သမျှ လူငယ်တစ်လှည့်၊ လူကြီးတစ်လှည့်လုပ်ပါတယ်။ လူကြီးက အတွေ့အကြုံများတဲ့အတွက် ပညာများတယ်၊ လူငယ်က ခေတ်အမြင်ရှိတဲ့အတွက် တချို့ဆိုနိုင်ငံခြားက မာစတာတွေ ဘာတွေရပြီးသားပါ။ သူတို့ရဲ့ အတွေ့အကြုံတွေကို ရှင်းပြတော့ အမြင်နှစ်မျိုးကို တစ်လှည့်စီလုပ်ပါတယ်။

ကာတွန်းဆရာကလည်း အရေးပါတယ်၊ အယ်ဒီတာကဏ္ဍကလည်း အရေးကြီးပါတယ်။ အရင်တုန်းက ကလေးစာပေရဲ့ အဓိကက ကလေးတွေက အင်မတန်ကို အကောင်းအဆိုးကို လူကြီးတွေထက် ပိုသိတယ်၊ ကလေးနားလည်အောင်၊ ကလေးခံစားလို့ရအောင် ရေးဆွဲရတာ တအားခက်တယ်။ အရင်တုန်းက ဆရာကြီး ဦးဘကြည်တို့ ရေးခဲ့တယ်ဆိုတာ ပညာတွေအများကြီး လေ့လာခွင့်ရခဲ့တယ်။ နိုင်ငံတကာက ကာတွန်းပြတိုက်တွေကို လေ့လာခဲ့တယ်။ စာအုပ်တွေလည်း အများကြီးဖတ်တယ်။ သူတို့ကိုယ်တိုင်လည်း တော်တယ်။ ဒီဘက်ခေတ်မှာ အဲဒီလို ပညာသင်ခွင့်မရခဲ့ဘူး။

နောက်တစ်ခု အရင်တုန်းက ကလေးစာပေကို ဘာသာပြန်တဲ့ဆရာကြီးတွေက စာပေနဲ့စပ်တော့ ကလေးနဲ့လိုက်ဖက်တဲ့ စာပေကိုရွေးပြီး ဘာသာပြန်တယ်။ စကားလုံးရွေးချယ်မှုတွေ သိပ်အရေးကြီးပါတယ်။ ကလေးတွေ နားလည်အောင်လုပ်တဲ့အတွက် ရွှေသွေးဂျာနယ်က အောင်မြင်တာပါ။ အခုခေတ်ကျတော့ အဲဒီလောက် အားမစိုက်နိုင်တော့ အရည်အသွေးကျလာတယ်၊ အင်တာနက်ပေါ်မှာ ရွှေသွေးအဟောင်းတွေ ဒေါင်းလုတ် လုပ်တာ အများကြီးပဲ။ အဟောင်းကိုပဲ ခဏခဏ ပြန်ဖတ်ကြတယ်။ ဖတ်ချင်စရာကောင်းတာကို၊ အရည်အသွေးမြင့်တာကို။ ပုံနှိပ်အရည်အသွေးက အဓိက မဟုတ်ပါဘူး။ ကောင်းအောင်လုပ်ရင် ကောင်းမှာပဲ။ ကောင်းအောင်လုပ်ရမှာ အများကြီးပါ။ တစ်ဦးတစ်ယောက်ချင်း လုပ်လို့မရတာတွေရှိတယ်။ နိုင်ငံတော်အဆင့် လုပ်မှရမှာမို့ ဒါကိုတင်ပြတာပါ။

ဆရာ မောင်မောင်ဖောင်တိန်
(အသင်းအတွင်းရေးမှူး)

ရွှေသွေးဂျာနယ်ဆိုတာ ကလေးတွေဖတ်တဲ့၊ ကလေးတွေကို ရည်ရွယ်တဲ့ကာတွန်းတွေရေးဆွဲထားတဲ့ ကာတွန်းစာအုပ်၊ ကာတွန်းဂျာနယ်ပါ။ အနာဂတ်ကလေးငယ်တွေအတွက် ရှိသင့်ရှိထိုက်တဲ့ ဂျာနယ်တစ်ခုဖြစ်ပါတယ်။ ဒါကို အဓွန့်ရှည်စေချင်တယ်။ အစဉ်အလာရှိတဲ့ ဂျာနယ်တစ်ခုအဖြစ်မကဘူး၊ ဈေးကွက်လည်း အောင်မြင်တဲ့၊ စီးပွားရေးအရလည်း အောင်မြင်တဲ့၊ လူလည်း စိတ်ဝင်စားတဲ့ ဂျာနယ်ဖြစ်စေချင်တယ်။ ဖြစ်အောင်လို့ ကာတွန်းပညာရှင်တွေ၊ ကလေးစာပေပညာရှင်တွေကို ပူးပေါင်းပါဝင်ကူညီစေချင်တယ်။ ပြန်ကြားရေးဝန်ကြီးဌာနဘက်ကလည်း ပိုပြီး ဆောင်ရွက်ပေးစေချင်ပါတယ်။

ဆရာ စိုးသော်တာ
(အသင်းပညာပြန့်ပွားရေးတာဝန်)

ရွှေသွေးဂျာနယ်တို့၊ တေဇတို့ဆိုတာ ငယ်ငယ်လေးကတည်းက လွှမ်းမိုးခဲ့ပြီး အခုထက်ထိ အမှတ်တရ အမြဲတမ်းဇာတ်လမ်းတွေ၊ လက်ရာတွေ အကုန်လုံးက လွှမ်းမိုးတုန်းပါပဲ။ အဲဒီရွှေသွေးကို အရင်လိုပြန်ဖြစ်အောင်လုပ်မယ်ဆိုတော့ ဝမ်းသာပါတယ်။ ကလေးကာတွန်းဆိုတာ အလွန်အရေးကြီးပါတယ်။ ရွှေသွေးဆိုတာ ကလေးအရွယ်ဖတ်တဲ့ဟာပေါ့၊ ကလေးစိတ်ပညာကိုနားလည်တဲ့ ဆရာတွေက ဇာတ်လမ်းရေးရမယ်၊ သရုပ်ဖော်ရမယ်၊ မှားသွားလို့မရဘူး။

ဇာတ်လမ်းလည်း ကောင်းရမယ်၊ ကျွန်တော်တို့ ငယ်ငယ်က လက်ရာဆိုရင်လည်း ကောင်းတယ်၊ ဇာတ်လမ်းလည်း အတော်ကောင်းတယ်။ ကလေးပရိသတ်အပေါ်မှာ ဩဇာလည်းညောင်းတယ်။ ခုခေတ်နဲ့လိုက်ဖက်တဲ့ ဇာတ်လမ်းမျိုးကို ဖန်တီးရမယ်။ လိုက်ဖက်တဲ့လက်ရာတွေကို ရေးဆွဲသရုပ်ဖော်ရမယ်။ မျက်နှာဖုံးဆိုရင် တကယ့်ကာတွန်းပညာရှင်ကြီးတွေကိုခေါ်ပြီး ရေးဆွဲရမယ်။ မြန်မာနိုင်ငံမှာ အရှေ့တောင်အာရှ၊ အာရှအထိ လက်ရာကောင်းတဲ့လူငယ်တွေ အများကြီးရှိပါတယ်။ အဲဒီလူငယ်တွေကို အယ်ဒီတာအဖွဲ့ကနေ သူလိုချင်တဲ့ဇာတ်လမ်းပေးရမယ်၊ သူလိုချင်တဲ့သရုပ်ဖော်မှုကိုချိန်ပြီး ဟိုဘက်ဒီဘက် မျှမျှတတဖြစ်အောင် ဆွဲခေါ်ရမယ်။ အဓိက ဇာတ်လမ်းနဲ့ လက်ရာ တစ်သားတည်းကျအောင် ကာတွန်းဆရာကြီးတွေရော၊ လူငယ်တွေရော အကုန်လုံးကို ဖိတ်ခေါ်ချင်ပါတယ်။

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၃

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီတွင် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်းရှိ စာပေဗိမာန်ပုံနှိပ်စက်ရုံကိုလည်းကောင်း၊ အောင်ဆန်း ပုံနှိပ်စက်ရုံကိုလည်းကောင်း၊ ဂျီတီစီပုံနှိပ်စက်ရုံကိုလည်းကောင်း လှည့်လည် ကြည့်ရှုပြီး ကျောင်းသုံးပုံနှိပ်စာအုပ်များ ရိုက်နှိပ်နေမှု၊ သိုလှောင်ရုံများနှင့် ပုံနှိပ်လုပ်ငန်း သင်တန်းခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

တာဝန်ရှိသူများနှင့် တွေ့ဆုံ

ထို့နောက် ဂျီတီစီ ပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းသုံးစာအုပ်ရိုက်နှိပ်မှု အချိန်မီပြီးစီးရေး၊ ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် ဝန်ထမ်းကျင့်ဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ ပုံနှိပ်စက်များ ကြံ့ခိုင်မှုကောင်းမွန်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဂျီတီစီပုံနှိပ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

စာရေးဆရာလင်္ကာရည်ကျော်၏ အိပ်မက်ဖက် အမည်ရှိ စာအုပ်သစ်မိတ်ဆက်



ရန်ကုန် ဩဂုတ် ၃

အတွေးနှင့် အိပ်မက်များကို တစ်မူထူးခြားစွာ ခံစားရေးဖွဲ့ထားသည့် စာရေးဆရာ လင်္ကာရည်ကျော်(ခ)ဒေါက်တာရဲမြင့်ကျော်၏ အိပ်မက်ဖက် အမည်ရှိ စာအုပ်သစ်မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လှည်းတန်းစင်တာ၌ ကျင်းပသည်။

အတွေးနှင့်အိပ်မက်များကို ပေါင်းစပ်

"ဒီစာအုပ်က ငယ်ငယ်တုန်းက မက်ခဲ့ဖူးတဲ့ အိပ်မက်တွေပေါ်မှာ မူတည်ပြီးတော့ ဇာတ်လမ်းလေးဖြစ်အောင် ဆင်လိုက်တာပါ။ ထိုးဇာတ်လေးတွေရော တကယ့်အဖြစ်အပျက်တွေရော နည်းနည်းပါတယ်။ ၁၉၈၈-၉၀ ခုနှစ် နောက်ခံသမိုင်းကြောင်းလေးတွေလည်းပါတယ်။ ငယ်ငယ်တုန်းကမက်ခဲ့တဲ့ အိပ်မက်တွေ၊ ဖြတ်သန်းလာခဲ့တဲ့ ခေတ်ကာလအခြေအနေတွေ၊ လူငယ်လူရွယ်ဘဝတုန်းက ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေ အဲဒီအပေါ်မှာ ဆရာ့ရဲ့ သုံးသပ်ချက်တွေ၊ ပရိသတ်တွေကိုပေးချင်တဲ့ Message တွေပေါင်းပြီးရေးလိုက်တာပါ"ဟု စာရေးဆရာ လင်္ကာရည်ကျော်က ပြောသည်။

အဆိုပါစာအုပ်တွင် ဆရာ၏ ငယ်ဘဝအိပ်မက် အကြောင်း၊ ဘာသာရေးနှင့် ပတ်သက်သည့် ကံကံ၏ အကျိုးပေးပုံ၊ အိပ်မက်ဖက်ဆိုသည့် ခေါင်းစဉ်နှင့်အညီ လက်တွဲဖော် လက်တွဲဖက်ဘဝအကြောင်း စသည်တို့ကို မူရင်းရေးသားဟန်များမှ ကွဲထွက်ပြီး အတွေးနှင့်အိပ်မက်များကို ပေါင်းစပ်ကာ တစ်မူထူးခြားစွာ ဖန်တီးရေးသားထားသော ဝတ္ထုရှည်စာအုပ်သစ်ဖြစ်သည်။

တစိုက်မတ်မတ်ကြိုးစား

"ဒီစာအုပ်ရဲ့ခေါင်းစဉ်မှာ အိပ်မက်ကတော့ အိပ်မက်တွေအများကြီးအကြောင်း ထည့်ရေးထားလို့ အိပ်မက်လို့ ပေးထားတယ်။ ဖက်ဆိုတာကတော့ လုပ်ဖော်ကိုင်ဖက်၊ ကျောင်းတက်ဖော် ကျောင်းတက်ဖက်၊ သွားဖော်သွားဖက်၊ အိပ်မက်ဖက်ဆိုပြီး ဘယ်သူမှတော့ တွဲမသုံးဘူးလေ၊ ဘာလို့လဲဆိုတော့ အိပ်မက်ကတစ်ယောက်တည်း မက်တာလေ၊ အတူတူမှမက်လို့မရတာ။ အတူတူမက်လို့ရတဲ့ အိပ်မက်တွေများရှိသလားလို့ အဲဒီအမြင်လေးနဲ့ ရေးဖြစ်တာပါ" ဟု ဆရာက ဆက်လက်ပြောသည်။

အိပ်မက်ဖက်အမည်ရှိ ဝတ္ထုရှည်စာအုပ်သစ်သည် သရဖူမဂ္ဂဇင်း၌ အခန်းဆက်ဝတ္ထုအဖြစ် ဖော်ပြခဲ့ပြီး ၁၅ လကြာ ရေးသားခဲ့သော စာအုပ်ဖြစ်သည်။ ထိုစာအုပ်နှင့် ပတ်သက်ပြီး ဆရာ၏စာဖတ်ပရိသတ်တစ်ဦးက "ဆရာ့ရဲ့ စာအုပ်တွေ တော်တော်များများ ဖတ်ဖူးပါတယ်။ ဒီစာအုပ်ကတော့ အရင်စာအုပ်တွေနဲ့မတူဘဲ ပုံစံလေးကွဲနေတာကို တွေ့ရတယ်။ ပန်းချီဆရာတစ်ယောက်ရဲ့သူ့ကိုလွှမ်းမိုးနေတဲ့ အိပ်မက်တွေအကြောင်းကို ရေးထားတဲ့အတွက် ပုံစံလေး ကွဲထွက်နေတာကို မြင်ရတယ်။ ဒီစာအုပ်ကို ဖတ်လိုက်ရတဲ့ အတွက် ရရှိလာတဲ့အသိတစ်ခုကတော့ လူတစ်ယောက် ဟာ ကိုယ်ဝါသနာပါတဲ့အရာကို ငယ်ငယ်ကတည်းက တစိုက်မတ်မတ်နဲ့ ကြိုးစားဆောင်ရွက်မယ်ဆိုရင် တစ်ချိန်ကျရင် အောင်မြင်လာနိုင်တယ်ဆိုတာ သေချာတဲ့ အသိလေးတစ်ခုကို ရရှိလိုက်ပါတယ်"ဟု ပြောသည်။

အမှတ်တရလက်မှတ်ရေးထိုး

ယနေ့ပြုလုပ်သည့် စာအုပ်သစ်မိတ်ဆက်ပွဲသို့ စာရေးဆရာမ ပုညခင်၊ စာရေးဆရာမ စိမ့်စမ်းဖြူ၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာစိုးလွင်၊ နန်းဒေဝီစာပေမှ ထုတ်ဝေသူ ဒေါ်နန်းအိအိဇာတို့ တက်ရောက်၍ အမှတ်တရနှင့် မှာဒိတာစကားများ ပြောကြားပြီး စာရေးဆရာ လင်္ကာရည်ကျော်က တက်ရောက်လာသည့် စာဖတ်ပရိသတ်များအား စာအုပ်သစ်နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားခြင်း၊ ပရိသတ်များက သိလိုသည်များ မေးမြန်းခြင်းနှင့် အမှတ်တရ လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်သည်။

သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ

ငွေကြည်

လောကကြီးမှာဗျာ

စီးပွားရေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် မြန်မာအနုညာတဗဟိုဌာန ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၃

စီးပွားရေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်အတွက် မြန်မာအနုညာတဗဟိုဌာန ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး(UMFCCI) ၌ ပြုလုပ်သည်။

အခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ခုံသမာဓိလူကြီးများနှင့် ဖြေရှင်းမှုပြုနိုင်တော့မည်

ရှေးဦးစွာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက မြန်မာအနုညာတဗဟိုဌာန ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ စီးပွားရေးနှင့် ပတ်သက်ပြီး နောင်ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများကို Mediation နည်းဖြင့် ညှိနှိုင်းဖြေရှင်းမှုပြု၍မရပါက Arbitration Center တွင် နှစ်ဦးနှစ်ဖက် မနစ်နာစေဘဲ Arbitration နည်းဖြင့် Arbitrators ခုံသမာဓိလူကြီးများနှင့် ဖြေရှင်းမှုပြုနိုင်တော့မည်ဖြစ်ကြောင်း၊ အနုညာတနည်းဖြင့် ဖြေရှင်းရာတွင် အဂတိလိုက်စားမှုကင်းသည့်၊ ဘက်လိုက်မှုမရှိသည့်၊ တည့်မတ်မှန်ကန်သည့် ခုံသမာဓိလူကြီးများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခုံသမာဓိလူကြီးများအနေဖြင့် ဖြောင့်မတ်မှန်ကန်မှုမရှိဘဲ ဘက်လိုက်မှုရှိပြီး မရိုးဖြောင့်လုပ်မှုများ ဖြစ်ပေါ်လာပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ပြန်လည်တရားစွဲဆိုမှု ခံကြရမည်ဖြစ်ကြောင်း၊ ခုံသမာဓိလူကြီးများအဖြစ် ဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၀၁၉ ခုနှစ် မေ ၂၅ ရက်မှ ဇွန် ၁၆ ရက်အထိ ခုံသမာဓိသင်တန်းကိုလည်း အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခင်က စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များအကြား ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖျန်ဖြေပေးသည့် Mediation Mechanism နည်းများဖြင့်သာ အသင်းချုပ်တွင် ညှိနှိုင်းဖျန်ဖြေရေးကော်မတီတစ်ခု ဖွဲ့စည်းထားပြီး ၁၉၉၂ ခုနှစ်မှစ၍ ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ယခုအခါ ထိုမှတစ်ဆင့်တက်၍ အငြင်းပွားမှုများကို အနုညာတနည်း(Arbitration)ဖြင့် ဖြေရှင်းပေးရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း ပြောသည်။

ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်း

ထို့နောက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အကြံပေး ဒေါက်တာမောင်မောင်သိမ်းက မြန်မာအနုညာတဗဟိုဌာန ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများသည် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အကြံပေး ဒေါက်တာမောင်မောင်သိမ်းက အနုညာတစီရင်ဆုံးဖြတ်ခြင်းဗဟိုဌာနမှ College of Arbitrator အဖွဲ့ဝင်များအား Arbitrator အသိအမှတ်ပြုလက်မှတ် ပေးအပ်သည်။

ယခင်က ပြည်တွင်းစီးပွားရေးလုပ်ငန်းများ မကြာခဏကြုံတွေ့ရသည့် စီးပွားရေးဆိုင်ရာ အငြင်းပွားမှုပြဿနာများကို အနုညာတနည်း(Arbitration) နည်းဖြင့် ဖြေရှင်းပေးနိုင်ရန် Arbitration Center မရှိခြင်း၊ Arbitrators များမရှိခြင်းတို့ကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်ဖြေရှင်းမှုများကို ဆောင်ရွက်ကြရသဖြင့် ငွေကြေးကုန်ကျမှုများခြင်း၊ တန်ဖိုးရှိသည့်အချိန်များ ကုန်ဆုံးရခြင်း၊ ဘာသာစကား အခက်အခဲရှိခြင်း စသည့် အခက်အခဲများရှိခဲ့ကြကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားပြီး ပြည်တွင်း၌ဖြစ်ပေါ်သည့် အငြင်းပွားမှုများကို ပြည်တွင်းမှာသာ အနုညာတနည်းဖြင့် ဖြေရှင်းနိုင်ရန်အတွက် အသင်းချုပ်အနေဖြင့် ၂၀၁၇ ခုနှစ်ကစတင်ပြီး လုပ်ထုံးလုပ်နည်းရေးဆွဲခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လာခဲ့ကြကြောင်း၊ ယင်းဆောင်ရွက်ချက်ရလဒ်ကို အကောင်အထည်ဖော်ရန် Myanmar Arbitration Center နှင့် စပ်လျဉ်းသည့် ကုမ္ပဏီတစ်ခုကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီကိုမှတ်ပုံတင်ပြီး ဖွဲ့စည်းရန်တင်ခဲ့ရာ ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်တွင် "ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ" (Myanmar Arbitration Center Limited by Guarantee) အဖြစ် ခွင့်ပြုချက်ရရှိခဲ့ကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

သတင်း-မင်းသစ်(MNA)
ဓာတ်ပုံ-ဇော်မင်းလတ်

❂ စာမျက်နှာ ၅ မှ

သဟဇာတရှိစွာ အတူတကွ ပေါင်းစည်းနေထိုင်နိုင်ရေးအတွက် အသိပညာပေးရေးကို လုံလောက်သည့် အခြေအနေနှင့် အချိန်ယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံစလုံးအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်များကို လိုက်နာမည်ဆိုပါက နေရပ်ပြန်လာရေး လုပ်ငန်းစဉ်ကို ယခင်နည်းတူ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ သဘောတူညီချက်နှင့်အညီ ပြဿနာကို ဖြေရှင်းရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း၊ မိမိအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးကို မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားထားကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်-တရုတ် ဝန်ကြီးအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကိုလည်း ဆက်လက်ကျင်းပပြုလုပ်သွားရန် သဘောတူညီထားကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စကို ဖြေရှင်းရာတွင် အခြေအနေကို ပိုမိုရှုပ်ထွေးသွားစေပြီး အသိုက်အဝန်းများကို ပိုမိုဝေးကွာသွားစေသည့် ပြုမူဆောင်ရွက်ချက်များကို ရှောင်ရှားရန် အရေးကြီးကြောင်း၊ ပြဿနာအတွက် ရေရှည်တည်တံ့သည့် အဖြေရရှိရေးကို လိုလားသည့် မိတ်ဆွေနိုင်ငံများကို မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ရန် ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် (၁၂)ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၀) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၉)ကြိမ်မြောက် မဲခေါင်-ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၂) ကြိမ်မြောက် မဲခေါင်-ဂျပန် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးများသို့လည်း တက်ရောက်ခဲ့သည်။

ထိုင်းနိုင်ငံတွင် ရောက်ရှိနေစဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမွတ်ဝီနိုင်း၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီး Ine Marie Eriksen Søreide၊ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Kang Kyung-wha၊ ဥရောပသမဂ္ဂအဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ Federica Mogherini တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် (၅၂)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ပူးတွဲကြေညာချက်တွင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre နှင့် ASEAN-ERAT တို့မှ ကိုယ်စားလှယ်များပါဝင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ **ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇားရှိ နေရပ်စွန့်ခွာသူများထံသို့ သွားရောက်၍** ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည့် အစီအစဉ်ကို လည်းကောင်း၊ မြန်မာနိုင်ငံ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (UNDP)တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာသက်တမ်း ထပ်မံတိုးမြှင့်ခြင်းကိုလည်းကောင်း ကြိုဆိုထောက်ခံကြောင်း၊ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဆက်လက်ဆွေးနွေးသွားမည်ဟု မျှော်လင့်ကြောင်း၊ ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအား အာဆီယံ၏ ထောက်ခံမှုကို ထပ်လောင်းအတည်ပြုကြောင်း ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

■ ကျောဖုံးမှ

အဆုံးသတ်ခဲ့ပြီး မိနစ် ၉၀ တွင် ဇော်သိန်းဝင်းက ရခိုင်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ရခိုင်အသင်းအတွက် အဖိုးတန်အနိုင်သုံးမှတ်ဖြစ်သော်လည်း ဒဂုံအသင်းမှာမူ ဖိအားတိုးသွားခဲ့ရသည်။

ပဲခူး Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက စစ်ကိုင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အဆင့် (၄) နေရာအတွက် ဟံသာဝတီအသင်း ရုန်းကန်နေပြီး အိမ်ကွင်း၌ ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို ၃၆ မိနစ်တွင် ညီညီအောင်(၂)၊ ၅၉၊ ၇၃ မိနစ်တွင် ပိုဒါ၊ ၈၇ မိနစ်တွင် ထက်လင်းလင်းတို့က သွင်းယူပြီး စစ်ကိုင်းအတွက် ချေပဂိုးကို ၆၇ မိနစ်တွင် ဒိုနယ်က သွင်းယူခဲ့သည်။ ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံလမ်းကြောင်းပေါ်တွင်ရှိနေသည့် ဧရာဝတီအသင်းသည် အိမ်ကွင်း၌ အမှားအယွင်းမရှိ နိုင်ပွဲယူကာ အမှတ်ပြည့်ရယူနိုင်ခဲ့ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ဧရာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၂၅ မိနစ်တွင် မာတူနာနှင့် ၆၉ မိနစ်တွင် တင်ဝင်းအောင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၉) ဒုတိယနေ့ကို ဩဂုတ် ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ Chinland နှင့် ရန်ကုန်၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် ရတနာပုံ၊ မော်လမြိုင်ကွင်း၌ Southern နှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

❍ အာရှယူ-၂၃ မှ

မြန်မာအသင်းသည် ဟောင်ကောင်အသင်းကို ၂၅-၂၀ မှတ်၊ ၂၅-၂၂ မှတ်၊ ၂၅-၂၂ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး အဖွင့်ပွဲတွင် နိုင်ပွဲဖြင့် စတင်နိုင်ခဲ့သည်။ အခြားပွဲများတွင် ဂျပန်အသင်းက ဆော်ဒီအာရေဗျအသင်းကို ၂၅-၁၈ မှတ်၊ ၂၅-၁၀ မှတ်၊ ၂၅-၁၈ မှတ်ဖြင့် သုံးပွဲပြတ်၊ ကာဇက်စတန်အသင်းက ဗီယက်နမ်အသင်းကို ၂၅-၂၂ မှတ်၊ ၂၅-၁၈ မှတ်၊ ၂၅-၁၅ မှတ် ဖြင့် သုံးပွဲပြတ်၊ ဘာရိန်းအသင်းက တရုတ်တိုင်ပေအသင်းကို ၂၅-၂၀ မှတ်၊ ၂၅-၁၉ မှတ်၊ ၂၅-၂၃ မှတ်ဖြင့် သုံးပွဲပြတ်၊ ပါကစ္စတန်အသင်းက ကာတာအသင်းကို ၂၅-၂၂ မှတ်၊ ၂၅-၁၁ မှတ်၊ ၂၅-၂၁ မှတ်ဖြင့် သုံးပွဲပြတ်၊ ထိုင်းအသင်းက နယူးဇီလန်အသင်းကို ၂၂-၂၅ မှတ်၊ ၂၅-၁၆ မှတ်၊ ၂၅-၁၇ မှတ်၊ ၂၅-၁၀ မှတ် သုံးပွဲ-တစ်ပွဲတို့ဖြင့် အနိုင်ရခဲ့သည်။

သတင်း- ဖိုးသော်ဇင်၊ ဓာတ်ပုံ- ကိုကိုစိုးညွန့်

❑ စက်ဘီးစီးပြိုင်ပွဲမှ

YHBC 3 လမ်းဟောင်း-ရန်ကင်း တောင်အတက်လမ်း-ရန်ကင်းတောင်အဆင်းလမ်း (မန္တလေး-ပြင်ဦးလွင်) လမ်းသစ်မုခ်ဦးမှ ရေတံခွန်တောင်သို့သွားသည့် တောလမ်းတစ်လျှောက် တက်လမ်းအတိုင်း အကြိတ်အနယ် ယှဉ်ပြိုင်စီးနင်းကြပြီး ထူးမဘုန်းတော်ကြီးကျောင်း သတ်မှတ်နေရာသို့ မန္တလေးတောင်၊ ရန်ကင်းတောင်နှင့် ရေတံခွန်တောင် အတက်အဆင်းလမ်းတို့ကို ဖြတ်ကျော်၍ စီးနင်းပန်းဝင်ခဲ့ကြသည်။

ဆုငါးဆုစီ ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီး ဆုပေးအပ်ပွဲ ဆက်လက်ကျင်းပရာ အသက် ၆၀ နှစ်အထက် သက်ကြီးတန်းပြိုင်ပွဲတွင် ဆုငါးဆု၊ သက်လယ်တန်းပြိုင်ပွဲတွင် ဆုငါးဆု၊ အမျိုးသမီးပြိုင်ပွဲတွင် ဆုငါးဆု၊ အမျိုးသားအသက်(၁၉-၄၀)တန်းပြိုင်ပွဲတွင် ဆုငါးဆု၊ အသက်(၄၀-၆၀)တန်းပြိုင်ပွဲတွင် ဆုငါးဆု၊ အသက် ၁၉ နှစ်အောက်ပြိုင်ပွဲတွင် ဆုငါးဆု၊ အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် ဆုငါးဆုစီ ပေးအပ်ချီးမြှင့်သည်။

ELite(D-H) ပြိုင်ပွဲတွင် ဆုလေးဆု၊ Junior(D-H)ပြိုင်ပွဲတွင် ဆုငါးဆု၊ Master (D-H)ပြိုင်ပွဲတွင် ဆုငါးဆု ဆွတ်ခူးရရှိခဲ့ကြကြောင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **တင်မောင်မန်းကိုယ်ပွား**

မြဝတီမြို့၌ သောင်ရင်းမြစ်ရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်အချို့ ရေများဝင်ရောက်၍ ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းထား

မြဝတီ သြဂုတ် ၃

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့သည် သောင်ရင်းမြစ်မှ နယ်နိမိတ်ပိုင်းခြားထားကာ ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ အဆိုပါ သောင်ရင်းမြစ်ရေ၏ စိုးရိမ်ရေအမှတ် ၄၆၃ စင်တီမီတာထက်ကျော်လွန်ပြီး ၅၄၉ စင်တီမီတာသို့ ရောက်ရှိခဲ့သည့်အတွက် အနိမ့်ပိုင်းရပ်ကွက်အချို့ ရေများဝင်ရောက်ခဲ့ပြီး အိမ်ထောင်စု ၉၂ စုမှ လူဦးရေ ၃၉၄ ဦးအား ရေဘေးရှောင်စခန်းဖွင့်လှစ်၍ ရွှေ့ပြောင်းထားကြောင်း သိရသည်။

ရွှေ့ပြောင်းပေး

ထိုသို့ သောင်ရင်းမြစ်ရေများ စတင်ဝင်ရောက်ရာ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ်(၅)ရပ်ကွက် အောက်ချိုင့်၊ အမှတ်(၄)ရပ်ကွက်ရှိ ကျောက်ဖျာဂိတ်နေရာနှင့် အမှတ်(၂)ရပ်ကွက် သဲပုံဂိတ်နေရာများသို့ ယမန်နေ့ ညနေ ၃ နာရီခန့်က စတင်ဝင်ရောက်ခဲ့ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ယနေ့နံနက် ၃ နာရီအထိ ရေဘေးရှောင်စခန်းဖွင့်လှစ်ထားရာ ကျောက်လုံးကြီး ပြန်လည်လက်ခံကြိုဆိုရေးစခန်းသို့ ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုပေး

အဆိုပါ ရေဘေးရှောင်စခန်းသို့ လာရောက်ခိုလှုံသူများမှာ အမှတ်(၂)၊ အမှတ်(၄)နှင့်အမှတ်(၅)ရပ်ကွက်များမှ အိမ်ထောင်စု ၉၂ စုမှ အမျိုးသား ၁၉၇ ဦး၊ အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၃၉၄ ဦးတို့ဖြစ်ပြီး ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

ရန်ကုန်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် တာလမ်းပေါ်ရေကျော်ပြီး လမ်းဘေးသစ်ပင်နှင့် မီးတိုင်များ ပြိုလဲ

ရန်ကုန် သြဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီးတွင် သြဂုတ် ၂ ရက် ညနေ ၅ နာရီ မှ ည ၁၂ နာရီထိ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်း၍ လေပြင်းများ တိုက်ခတ်မှုကြောင့် မရမ်းကုန်းမြို့နယ်အတွင်း သစ်ပင်များ၊ လမ်းဘေးမီးတိုင်များ၊ ဆက်သွယ်ရေးတိုင်များ ပြိုလဲခြင်း၊ တာလမ်းမပေါ်ရေလျှံကာ လျှပ်စစ်မီး ခေတ္တပြတ်တောက်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့ခြင်းတို့ ကြုံတွေ့ခဲ့ပြီး မရမ်းကုန်းအခြေပြု လူမှုအဖွဲ့များ၏ ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် မရမ်းကုန်း ကိုးမိုင်အနီးရှိ သစ်ပင်တစ်ပင် ပြည်လမ်းမကြီးပေါ် ပြိုလဲကျနေရာ ယာဉ်များသွားလာမှုအခက်အခဲမရှိစေရေးအတွက် ရှင်းလင်းမှုများ ဆောင်ရွက်ခြင်း၊ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း သမိုင်းလမ်းဆုံအနီး ဝဲ/ယာ လမ်းဘေး လျှပ်စစ်မီးတိုင်များ၊ ဆက်သွယ်ရေးတိုင်များ ကျိုးကျခဲ့သဖြင့် သွယ်တန်းထားသောကြိုးများ ပြတ်ကျနေသည်ကို ရှင်းလင်းခြင်း၊ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်းမပေါ်တွင် ရေလျှံတက်ရာမှ တာလမ်းပေါ် ရေလွှမ်းမိုးနေသည့်အတွက် ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်များ၊ အနေးယာဉ်များနှင့် လမ်းသွားလမ်းလာများ အန္တရာယ်ကင်းရှင်းစေရေးအတွက် မရမ်းကုန်းမြို့နယ်အခြေစိုက် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖများ ပူးပေါင်းလျက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်း- မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ- မျိုးကြီး

သထုံမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

သထုံ သြဂုတ် ၃

သထုံမြို့၌ သြဂုတ် ၂ ရက် ည ၁၁ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် နေအိမ် စုစုပေါင်း ၁၂၂ အိမ်၊ စာသင်ကျောင်း လေးကျောင်းနှင့် လမ်းဘေးဓာတ်တိုင်များ ထိခိုက်ပျက်စီးခဲ့ပြီး လူသွားလမ်းမကြီးတချို့ ခေတ္တပိတ်ဆို့ခဲ့ကြောင်း၊ ထိခိုက်ပျက်စီးခဲ့သောနေအိမ်များမှ လူများ ဘေးလွတ်ရာသို့ ခေတ္တပြောင်းရွှေ့နေထိုင်ကြကြောင်း လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။

ထိခိုက်ပျက်စီးသွားသောနေရာများသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့နှင့် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်ဦးစီးဌာန၊ လျှပ်စစ်ဝန်ထမ်းများ၊ ရပ်ကွက်နေ ပြည်သူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှိုင်ထွန်းအောင်(သထုံ)

၃.၈.၂၀၁၉ ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆:၀၀)နာရီ ရေအမှတ်

စဉ်	ဆည်အမည်	တည်နေရာ (ခရိုင်/မြို့နယ်)	ကန်ရေပြည့် (ပေ) ကန်ရေသ (ပေ)	ရေလှောင် ပမာဏ (ဧကပေ)	ရေအနက် (ပေ)	ရေလှောင် ပမာဏ (ဧကပေ)	မိုးရေချိန် (လက်မ)	ရေပိုလွှဲမှ ရေကျော် အမြင့် (ပေ)
		ကရင်ပြည်နယ်						
၁	ရေဘုတ်ရေလှောင်တမံ	ဘားအံခရိုင်	၃၆	၂၈၇၄	၃၈.၄၀	၃၄၆၈၆	၄.၈၀	၂.၄၀
		လှိုင်းဘွဲ့မြို့	၁၉	၂၃၇၆				
		ချင်းပြည်နယ်						
၂	လိုင်ဖားရေလှောင်တမံ	ဖလမ်းခရိုင်/	၆၈.၈၀	၁၈၈၁	၆၉.၂၀	၁၉၀၉	၁.၀၈	၀.၄၀
		ဖလမ်းမြို့	၂၆	၁၀၃				
		စစ်ကိုင်းတိုင်းဒေသကြီး						
၃	ရာဇဂြိုလ်ရေလှောင်တမံ	ကလေးခရိုင်/	၁၄၅	၅၂၀၀၀	၁၄၆.၅၀	၅၃၄၂၅	၂.၆၅	၁.၅၀
		ကလေးမြို့	၈၅	၈၀၀၀				
		ပဲခူးတိုင်းဒေသကြီး(အရှေ့)						
၄	မင်းရဲရေလှောင်တမံ	တောင်ငူခရိုင်/	၃၈	၂၃၅၀	၃၈.၅၀	၂၄၀၀	၁.၀၀	၀.၅၀
		အုတ်တွင်းမြို့	၂၅	၅၀၀				
		မကွေးတိုင်းဒေသကြီး						
၅	မုန်းချောင်းရေလှောင်တမံ	မင်းဘူးခရိုင်/	၁၄၀	၆၂၀၉၀၀	၁၄၂.၁၀	၆၄၃၀၉၇	-	၂.၁၀
		စေတုတ္တရာမြို့	၆၀	၉၂၅၀၀				
၆	ကြီးအုံကြီးဝရေလှောင်တမံ	မင်းဘူးခရိုင်/	၁၂၃.၅	၃၀၂၇၀၀	၁၂၆.၄၀	၃၂၉၉၆၀	-	၂.၉၀
		မှင်မြို့	၅၆	၂၄၇၂				
		မွန်ပြည်နယ်						
၇	ဝါးပါးရေလှောင်တမံ	သထုံခရိုင်/	၆၁	၄၁၅၀	၆၁.၅၀	၄၂၂၈	၂.၄၅	၀.၅၀
		သထုံမြို့	၁၇	၁၇၃				
		ရခိုင်ပြည်နယ်						
၈	ပြိုင်းချောင်းရေလှောင်တမံ	စစ်တွေခရိုင်/	၉၆	၂၅၂၀၅	၉၆.၉၀	၂၅၆၅၅	၁.၂၀	၀.၉၀
		ကျောက်တော်မြို့	၂၆	၁၀၅၄				
၉	ကြက်တက်ရေလှောင်တမံ	မြောက်ဦးခရိုင်/	၃၀	၁၂၀	၃၀.၂၀	၁၂၃	-	၀.၂၀
		မင်းပြားမြို့	၁၀	၉				
၁၀	ချောက်ချောင်းရေလှောင်တမံ	မြောက်ဦးခရိုင်/	၄၃	၁၁၄၀	၄၄.၀၀	၁၂၀၃	၂.၃၀	၁.၀၀
		ကျောက်တော်မြို့	၁၇	၁၂၀				
၁၁	တမန်းဒူးရေလှောင်တမံ	မြောက်ဦးခရိုင်/	၃၄.၇၅	၆၇၈	၃၄.၈၅	၆၈၂	-	၀.၁၀
		မြေပုံမြို့	၁၁.၇၅	၇၅				
		ဧရာဝတီတိုင်းဒေသကြီး						
၁၂	နန်းကသူရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၃၈	၄၀၄၈၇	၁၃၉.၃၀	၄၁၁၁၂	၀.၅၂	၁.၃၀
		အင်္ဂပူမြို့	၅၈	၆၆၁၈				
၁၃	ကညင်ရေလှောင်တမံ	ဟင်္သာတခရိုင်/	၁၇၄	၁၄၅၀၀၀	၁၇၅.၉၀	၁၄၈၅၉၀	၀.၂၃	၁.၉၀
		အင်္ဂပူမြို့	၈၆	၂၆၈၈၀				

စစ်တောင်း၊ သောင်ရင်းနှင့် ရွှေကျင်မြစ် စိုးရိမ်ရေမှတ်တည်ရှိနေမှုအခြေအနေများ

နေပြည်တော် သြဂုတ် ၃

စစ်တောင်းမြစ်

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သောင်ရင်းမြစ်

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ဖွယ်ရှိသည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ရွှေကျင်မြစ်

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း သုံးပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကျောက်ဖြူခရိုင် ပညာရည်မြင့်မားရေးဆွေးနွေးပွဲတက်ရောက်

စစ်တွေ ဩဂုတ် ၃

ပညာရည်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးဆွေးနွေးပွဲကို ယမန်နေ့က ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အစိုးရနှင့် နိုင်ငံတော်အစိုးရတို့အနေဖြင့် ပညာရေးကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ဦးစားပေးကဏ္ဍတွင် ပညာရေး၊ ကျန်းမာရေး၊ အထူးသဖြင့် ပညာရေးကဏ္ဍကို အထူးဦးစားပေးကဏ္ဍအဖြစ် မိမိတို့အစိုးရတာဝန်ယူကတည်းက ဆောင်ရွက်ရန် အဓိကဆုံးဖြတ်ချက်ချပြီး လုပ်ဆောင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ပညာရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးအတွက် မည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်လျှင် အောင်ချက်မြင့်မားမည်၊ ပညာရည်မြင့်မားမည်ကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ်မှဆရာမများ၊ ပညာရှင်များ၊ ဆရာကြီးများ၊ ဆရာမကြီးများနှင့် ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ပြုလုပ်ပြီး စီမံချက်များရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့မှုများကြောင့် ရခိုင်ပြည်နယ်၏ တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာကာ အောင်မြင်မှုများရရှိလာပါကြောင်း၊ ယခုလို အောင်မြင်မှုများရရှိလာခြင်းသည်လည်း အားလုံးသော ပုဂ္ဂိုလ်များက ကျရာတာဝန်၊ အခန်းကဏ္ဍက ထမ်းဆောင်ခဲ့ကြသည့်အတွက် စေတနာအပြည့်အဝဖြင့် ဆောင်ရွက်ခဲ့ကြသောကြောင့် အောင်မြင်မှုရရှိလာသည်ဟု ခံယူပါကြောင်း၊ ယခုနှစ်တွင်လည်း ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့်ကျင်းပပြီး စီမံချက်များ ရေးဆွဲကာ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဆွေးနွေးပွဲတွင် ယခင်က အခြေအနေများ၊ လက်ရှိအနေအထားနှင့် နောက်လုပ်ဆောင်မည့်အနေအထားများကိုတင်ပြကြပြီး ပွင့်ပွင့်လင်းလင်းဆွေးနွေး၊ ဝေဖန်ထောက်ပြ၊ အကြံပြုကြမည်ဆိုလျှင် ယနေ့ဆွေးနွေးပွဲသည် ကောင်းမွန်သည့် ဆွေးနွေးပွဲ၊ အနှစ်သာရရှိသော၊ အဓိပ္ပာယ်ရှိသော ဆွေးနွေးပွဲတစ်ရပ်ဖြစ်မည်ဖြစ်ပါကြောင်းနှင့် ပြည်နယ်၏အနာဂတ်ဖြစ်သော ပညာရည်မြင့်မားရေးအတွက် အားသာချက်၊ အားနည်းချက်များကို ဆရာ ဆရာမများအနေဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဦးတင်သိန်းက ပညာရေးဆိုင်ရာအချက်အလက်များအား တင်ပြပြီး ကျောက်ဖြူခရိုင်ပညာရေးမှူး၊ ကျောက်ဖြူမြို့နယ်ပညာရေးမှူး၊ ရမ်းဗြဲမြို့နယ်ပညာရေးမှူး၊ မာန်အောင်မြို့နယ်ပညာရေးမှူးနှင့် အမ်းမြို့နယ်ပညာရေးမှူးတို့က ခရိုင်နှင့်မြို့နယ်အလိုက် ပညာရည်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေနှင့် ကဏ္ဍအလိုက်လိုအပ်ချက်များကို တင်ပြဆွေးနွေးအကြံပြုကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော ဆရာကြီး ဆရာမကြီးများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ရခိုင်ပြည်နယ်၏ ပညာရည်မြင့်မားရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်း - တင်မောင်လွင်၊ တင်ထွန်း
ဓာတ်ပုံ- ကံထွန်း

အပတ်စဉ် အခမဲ့ရှေ့နေလုပ်ငန်းခွင် လက်တွေ့သင်တန်း မန္တလေးတွင် ဖွင့်လှစ်

မန္တလေး ဩဂုတ် ၃

ရှေ့နေများကွန်ရက်၊ အထက်မြန်မာနိုင်ငံမှ အရည်အသွေးမြှင့်တင်ရေး (Capacity Building) အစီအစဉ်အရ အပတ်စဉ် တရားလွှတ်တော်ရှေ့နေကြီးများက ဦးဆောင်၍ အခမဲ့မေတ္တာဖြင့် သင်ကြားပေးလျက်ရှိရာ ဩဂုတ် ၃ ရက်နှင့် ၄ ရက်များတွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ မန္တလေးမြို့ ၆၂ လမ်း ၃၃ လမ်းနှင့် ၃၄ လမ်းကြားရှိ ဖြဟ္မစိုရ်လူမှုကူညီရေး အသင်းပညာဒါနကျောင်းဆောင်တွင် ယခုဩဂုတ်လအတွက် ဩဂုတ် ၃ ရက်မှစ၍ သင်ကြားပို့ချလျက်ရှိသည်။

ဩဂုတ် ၃ ရက်တွင် ဦးစိုးလု (ဥက္ကဋ္ဌ) ချမ်းမြသာစည်မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှ အထူး/အထွေထွေဥပဒေ-၁၁ ကို ဆွေးနွေးရာ သက်သေခံဥပဒေနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေဆက်နွယ်မှု၊ သက်သေခံဥပဒေအမျိုးအစား စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ဩဂုတ် ၄ ရက်တွင် ဒေါက်တာသန်းထွန်းက "အမှုစစ်ရဲတာဝန်နှင့် ရှေ့နေပြန်လှန်မေး" ခေါင်းစဉ်ဖြင့် သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅ ဦးတက်ရောက်လျက်ရှိပြီး အပတ်စဉ်သင်တန်းပို့ချသည်မှာ ၂၉၈ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှစုစည်းတင်ပြသော ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ	ဈေးနှုန်း
၁။	ပါရီကဖေးဆိုင်ထဲက ကဗျာဆရာ ၂၀ ရာစု အမြင်သစ်မော်ဒန်ကဗျာဆရာများ	မော်မင်းသန့်	ကျော်မွှေး	၅၀၀၀
၂။	HR လား မော့ဝင်ခဲ့လေကွယ်(၃)	မင်းခေါင် (EMPA-8)	HR Publishing	၃၀၀၀
၃။	ဘုရားသခင်နဲ့ ကြွေအန်ကစားသူများ အက်ဆေးစုစည်းမှု	မောင်ခိုင်လတ်	ဝန်ချတောင်	၃၀၀၀
၄။	တိုင်းပြည်ရှင်ပြုချိန်	ညီမင်းညို	စိတ်ကူးသစ်	၃၀၀၀
၅။	စစ်ကြီးက ဘယ်လောက်ကြာဦးမှာလဲ	အံဖွယ်ဇင်	စိတ်ကူးချိုချို	၁၅၀၀
၆။	ကမ္ဘာကျော်သူတွေရဲ့ ကမ္ဘာကျော်ရတဲ့ အကြောင်းတွေ	မြင့်ထွန်း	ယဉ်မျိုး	၁၀၀၀
၇။	ဟောလောကော့ဒ် စာကြည့်တိုက်စာစဉ် (၁၃၄)	The Key collection	The Key collection	၁၅၀၀
၈။	အဆင့်အတန်းမြင့်တဲ့လူနှင့် အခြားစာစုများ	အရှင်ကောသလ္လ(ရေဦး)	ကိုလတ်စာပေ	၁၀၀၀
၉။	ပါမောက္ခချုပ် မိတ်ဆက် (၃)	လူအောင် (ဝမ်းတွင်း)	ကိုလတ်စာပေ	၁၀၀၀
၁၀။	ခင်ဗျားကို ကျွန်တော်ချစ်တယ်	စပ်ခွန်ဇပ်	ကိုလတ်စာပေ	၃၀၀၀
၁၁။	ငြိမ်းစုစီ ဥပဒေလိုသလားနှင့် ဥပဒေ အထွေထွေ လေ့လာမှုစာတမ်းများ	ဦးမောင်မောင်ညွန့်	Wisdom House	၆၀၀၀
၁၂။	ဉာဏ်များတဲ့နတ်သူငယ်လေးနှင့် အခြား ပုံပြင်ဇာတ်လမ်းများ	ရဲကျော်မြင့်	မဇ္ဈိမ	၂၅၀၀
၁၃။	မျက်ရည်ရဲ့နောက်မှာ	ဝင်းငြိမ်း	ငါတို့စာပေ	၃၀၀၀
၁၄။	သို့...လူ့အဖွဲ့အစည်း	ထက်မြက်နိုင်ဇင်	စိတ်ကူးချိုချို	၃၀၀၀
၁၅။	ခေတ်ကျန်ပန်းအိုး လက်ကျန်အသက်		စိတ်ကူးချိုချို	၂၀၀၀
၁၆။	ပျော်ရွှင်ဖွယ်ရာ စိတ်ကမ္ဘာ	နေအေဒီ	စိတ်ကူးချိုချို	၁၅၀၀
၁၇။	အလင်းပြ ဓမ္မပဒ	မင်းနန်(မော်ကျွန်း)	အလင်းသစ်	၅၀၀၀
၁၈။	အပ္ပမာဒနှင့် ဗုဒ္ဓလမ်းစဉ်	ယောဂီစောလွင်	ယဉ်မျိုး	၄၀၀၀
၁၉။	အဒွေ့ဒ်ဟစ်တလာ အတ္ထုပ္ပတ္တိ	ရဲနောင်ထွဋ်	ပန်းဆက်လမ်း	၂၅၀၀
၂၀။	ဝတ္ထုတိုပေါင်းချုပ်	မင်းသိခ်	ဘုမ္မာဝတီ	၉၀၀၀
၂၁။	မျက်ရည်ကျနေတဲ့ရယ်သံ ကဗျာစုစည်းမှု	စိုးနိုင်ညိန်း	ကိုလတ်စာပေ	၂၅၀၀
၂၂။	စစ်မှန်သော မိမိနှင့်တွေ့ဆုံခြင်း	သက်တန့်(မေရီ)	နိုင်နိုင်မိုးစာပေ	၄၅၀၀
၂၃။	တောင်ကြားမြစ်	ခက်သီ	စိတ်ကူးချိုချို	၁၅၀၀
၂၄။	တားရော့ကတ်ပေါ်မှ ကိုယ်တွေ့ဖြစ်ရပ်များ	နေခြည်-တားရော့	The Book house	၄၀၀၀
၂၅။	ဂျာနယ်ကျော် အမြင် အတွေး အရေး	ဂျာနယ်ကျော်ဦးချစ်မောင် ဂျာနယ်ကျော်မမလေး	စိတ်ကူးချိုချို	၄၅၀၀
၂၆။	သံသယ သားကောင်	စိုးသိဏ်း	စိတ်ကူးချိုချို	၄၅၀၀
၂၇။	ဂေဟဗေဒစနစ်ဖြင့် ဝါးပင်များရှင်သန်ဖွံ့ဖြိုးစေဖို့	ရတနာစိုး (အမျိုးသားစာပေဆုရ)	ရတနာတင့်စာပေ	၅၀၀၀
၂၈။	တစ်ခါက မလေးရှား	လင်းထင်ကျော်	ကျော်မွှေး	၂၅၀၀
၂၉။	လူငယ်တွေအတွက် အောင်မြင်မှုအတွေးစကား	အကြီးကိုကို(ကသာ)	Global Piece	၃၀၀၀
၃၀။	လူမျိုးထွဋ်ကဗျာများ	လူမျိုးထွဋ်	စိတ်ကူးချိုချို	၁၅၀၀
၃၁။	စက်ရုပ်အက	မောင်ယုပိုင်	စိတ်ကူးချိုချို	၁၅၀၀
၃၂။	နိုင်မွန်အောင်သွင် ကဗျာများ	နိုင်မွန်အောင်သွင်	စိတ်ကူးချိုချို	၁၅၀၀
၃၃။	အမေ့ဂုဏ်ရည်နှင့် အခြားကဗျာများ	ချမ်းမြဆောင်း	နိုင်ငံဂုဏ်ရည်	၂၀၀၀
၃၄။	သိပ္ပံသူရဲကြီး	ဒဂုန်ခင်ခင်လေး	စိတ်ကူးချိုချို	၂၃၀၀
၃၅။	မိုးအေးနှင့် ရသစာစုများ	သဲမြ (မေတ္တာရေတံခွန်)	ဆုလှဲ့နန္ဒာစာပေ	၂၅၀၀
၃၆။	အမှား အလွန်	ဇော်မောင်	တိုးမြစ်စာပေ	၃၅၀၀
၃၇။	တံကက်အလီရှာပုံတော်နှင့် စင်ကာပူရန့်သင်းဆောင်းပါးများ	ကောင်းမြတ်နွယ်(စင်ကာပူ)	လင်းလွန်းခင်	၃၅၀၀
၃၈။	မြန်မာယဉ်ကျေးမှုသမိုင်း	သိပ္ပံစိုးရင်	စိတ်ကူးချိုချို	၂၀၀၀
၃၉။	စာလောက လူ့လောက	မင်းယုဝေ	စိတ်ကူးချိုချို	၃၂၀၀
၄၀။	မြန်မာရှင်ဘုရင်များခေတ်မှ အမှတ်တရကဗျာများ (အင်္ဂလိပ်+မြန်မာ)	လုပ်သား (အင်္ဂလိပ်ဘာသာပြန်သည်)	ကျော်ဝင်းစာပေ	၂၅၀၀

အမေရိကန်၊ ရုရှား လက်နက်ထိန်းချုပ်ရေးစာချုပ်သက်တမ်းကုန်လွန်မှုအပေါ် ကုလအတွင်းရေးမှူးချုပ် စိုးရိမ်ပူပန်

ကုလသမဂ္ဂ ဩဂုတ် ၃

အမေရိကန်နှင့်ရုရှားနှစ်နိုင်ငံအကြား သဘောတူညီချုပ်ဆိုထားသည့် အလတ်စားအကွာအဝေး လက်နက် ထိန်းချုပ်ရေးစာချုပ် (အိုင်အင်န်အက်ဖ်) သက်တမ်းကုန်လွန်သွားပြီးနောက် နှစ်နိုင်ငံအနေဖြင့် နျူကလီးယားဒုံးကျည်များကို အပြိုင်အဆိုင် တီထွင်ထုတ်လုပ်လျက်ရှိသည့်အတွက် လွန်စွာဝမ်းနည်းမိပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဆိုသည်။

နှစ်နိုင်ငံအရေးကိစ္စများ ကိုင်တွယ်ဖြေရှင်းရာတွင် စာချုပ်ပါအတိုင်း ဆွေးနွေးတိုင်ပင်ညှိနှိုင်းခြင်းဖြင့် လုပ်ဆောင်သင့်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းပြောကြားထားကြောင်း ပြောရေးဆိုခွင့်ရှိသူ စတီဖိန် ဒူဂျာရစ်က ဆိုသည်။

ကမ္ဘာ့နိုင်ငံများ၏လုံခြုံရေးကို ခြိမ်းခြောက်စေနိုင်သည့် နျူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ရှောင်ရှားရန်လိုအပ်ပါကြောင်းနှင့် နိုင်ငံတကာ လက်နက်ထိန်းချုပ်ရေးသဘောတူညီမှုအသစ်တစ်ရပ် ထွက်ပေါ်လာရေးအတွက် အလျင်အမြန်ကြိုးပမ်းလုပ်ဆောင်သင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ဆိုသည်။

ထို့ပြင် လက်နက်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်ရန်နှင့် နှစ်နိုင်ငံပိုင်ဆိုင်သည့် နျူကလီးယားတာဝေးပစ် ဒုံးကျည်ထိပ်ဖူးနှင့် လောင်ချာအရေအတွက်များကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီမှုတစ်ရပ်ရရှိရန် လိုအပ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံအား တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ယခင်က အလတ်စားလက်နက် ထိန်းချုပ်ရေးစာချုပ် (အိုင်အင်န်အက်ဖ်)တွင် အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံက လက်မှတ်ထိုးထားသည့်အတွက် ကီလိုမီတာ ၅၀၀ မှ ၅၅၀၀ အကွာအဝေးအထိ ပစ်လွှတ်ရောက်ရှိနိုင်သော ဒုံးလက်နက်အမျိုးအစားအားလုံးကို အပြန်အလှန် ထိန်းချုပ်ကန့်သတ်ထားခဲ့သည်။ သို့သော် ယခုအချိန်တွင် စာချုပ်သက်တမ်းကုန်ဆုံးသွားခဲ့သည့်အတွက် နှစ်နိုင်ငံအနေဖြင့် ဒုံးလက်နက်များကို အပြိုင်အဆိုင် တီထွင်ထုတ်လုပ်လျက်ရှိသည်။

ထို့ပြင် လွန်ခဲ့သောနှစ်များအတွင်း နှစ်နိုင်ငံအနေဖြင့် အလတ်စားလက်နက် ထိန်းချုပ်ရေးစာချုပ် (အိုင်အင်န်အက်ဖ်) ကို ချိုးဖောက်သည်ဟု အပြန်အလှန်စွပ်စွဲပြစ်တင်မှုများ ရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

အိန္ဒိယ အစိုးရတပ်နှင့် မော်ဝါဒီစစ်သွေးကြွများအကြား တိုက်ပွဲဖြစ်ပွား၊ စစ်သွေးကြွ ခုနစ်ဦး သေဆုံး

နယူးဒေလီ ဩဂုတ် ၃

အိန္ဒိယအထူးတပ်ဖွဲ့သည် နိုင်ငံ၏အလယ်ပိုင်း သစ်တောထူထပ်သောဒေသရှိ စစ်သွေးကြွစခန်းတစ်ခုကို ဇူလိုင် ၃ ရက်က စီးနင်းတိုက်ခိုက်ခဲ့ရာ မော်ဝါဒီစစ်သွေးကြွအဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယနိုင်ငံအလယ်ပိုင်း ချာ့တစ်ဂါ့ပြည်နယ်၏ မြို့တော် ရိုင်ပူရ်မြို့မှ ကီလိုမီတာ ၇၀ ကျော်အကွာရှိ ရာ့ဂျ်နန့်ဂုန်းခရိုင်၊ ဆီတာဂိုတာကျေးရွာအနီး သစ်တောထူထပ်သောဒေသရှိ ခြေကုပ်စခန်းတစ်ခုတွင် စစ်သွေးကြွများနေထိုင်ကြစဉ် အိန္ဒိယအထူးတပ်ဖွဲ့က စီးနင်းတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွအဖွဲ့ဝင် အလောင်း ခုနစ်လောင်းနှင့် လက်နက်ခဲယမ်းများကို အခင်းဖြစ်ပွားသည့်နေရာ၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း အမည်မဖော်လိုသူ အိန္ဒိယရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ အိန္ဒိယအစိုးရတပ်ဖွဲ့နှင့် စစ်သွေးကြွအုပ်စုအကြား နာရီပေါင်းများစွာကြာ အပြန်အလှန်ပစ်ခတ်မှုတွင် အစိုးရတပ်ဖွဲ့ဘက်မှ သေကျေဒဏ်ရာရရှိမှု တစ်စုံတစ်ဦးမျှ မရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ချာ့တစ်ဂါ့ပြည်နယ်သည် တွင်းထွက်ပစ္စည်းကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်သော်လည်း မော်ဝါဒီစစ်သွေးကြွအုပ်စုက မြေယာနှင့် သဘာဝအရင်းအမြစ်နှင့်ပတ်သက်၍ ပို၍များပြားသော အခွင့်အရေးများကို တောင်းယူလျက်ရှိရာ ယခုအခါ ချာ့တစ်ဂါ့ပြည်နယ်သည် အိန္ဒိယနိုင်ငံရှိ ပြည်နယ်များအနက် အဆင်းရဲဆုံး ပြည်နယ်တစ်ခု ဖြစ်လာခဲ့သည်။

ထို့အပြင် ဇူလိုင် ၃၁ ရက်က အဆိုပါဒေသ၌ မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး အိန္ဒိယတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရာ အိန္ဒိယအစိုးရက မော်ဝါဒီစစ်သွေးကြွအုပ်စု၏ လက်ချက်ဟု ပြစ်တင်စွပ်စွဲခဲ့သည်။ မော်ဝါဒီစစ်သွေးကြွအဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံရှိ ပြည်နယ် ၂၀ ခန့်တွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပြီး အထူးသဖြင့် မဟာရာ့ရှ်ထရာ၊ ဩရိသ၊ ဂျာခန်၊ ဘီဟာနှင့် ချာ့တစ်ဂါ့ အစရှိသည့် ပြည်နယ်များတွင် တက်တက်ကြွကြွလှုပ်ရှားလျက်ရှိသည်။

အိန္ဒိယအစိုးရသည် အဆိုပါ စစ်သွေးကြွများအား အမြစ်ပြတ်ချေမှုန်းသုတ်သင်ရန် အဆိုပါပြည်နယ်များ၌ ရဲတပ်ဖွဲ့နှင့် အထူးကွန်မန်ဒိုတပ်ဖွဲ့ဝင် ထောင်နှင့်ချီ ဖြန့်ကြက်ထားကြောင်း သိရသည်။

အေအက်ဖ်ပီ

ဂျပန်အစိုးရ၏ ကုန်သွယ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသည့်အတွက် တောင်ကိုရီးယားပြည်သူများ ဆန္ဒထုတ်ဖော်

ဆိုးလ် ဩဂုတ် ၃

တောင်ကိုရီးယားနိုင်ငံအား ပို့ကုန်ပစ္စည်းများ တင်ပို့သည့်နိုင်ငံများစာရင်းမှ ဖယ်ရှားလိုက်သည့် ဂျပန်အစိုးရ၏ ဆုံးဖြတ်ချက်အပေါ် တောင်ကိုရီးယားပြည်သူများက ကျေနပ်မှုမရှိသဖြင့် ဆိုးလ်မြို့ရှိ လမ်းမများပေါ်တွင် လှည့်လည်စီတန်းကာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

ဂျပန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံအား ပို့ကုန်ပစ္စည်းအချို့တင်ပို့မှုကို ရပ်ဆိုင်းလိုက်သည့် ဇူလိုင် ၂၀ ရက်ကစပြီး တောင်ကိုရီးယားနိုင်ငံရှိ အလုပ်သမားအဖွဲ့အစည်းများက အပတ်စဉ် စနေနေ့တိုင်း ဆန္ဒထုတ်ဖော်မှုများကို လုပ်ဆောင်ခဲ့ကြသည်။

ဂျပန်အစိုးရက တောင်ကိုရီးယားနိုင်ငံအား ကုန်စည်များ တင်ပို့သည့်စာရင်းမှ ဖယ်ရှားသည့် ဆုံးဖြတ်ချက်ကို ချမှတ်ပြီးသည့်နောက် တစ်ရက်အကြာတွင် အဆိုပါ ဆန္ဒထုတ်ဖော်မှုများတွင် ပြည်သူအများအပြား ပါဝင်လာခဲ့ကြသည်။

ဆန္ဒထုတ်ဖော်သူများက ဂျပန်အစိုးရ၏ ဆုံးဖြတ်ချက်ကို ရုတ်ချကြောင်း စာတန်းပါသည့် လက်ကိုင်ပိုစတာများကို ကိုင်ဆောင်ကာ ဆိုးလ်မြို့ရှိ လမ်းမများပေါ်တွင် စီတန်းလှည့်လည်ခဲ့ကြသည်။

အသက် ၄၀ အရွယ် ဆန္ဒထုတ်ဖော်သူတစ်ဦးက ဂျပန်အစိုးရ၏ လုပ်ဆောင်ချက်သည် စီးပွားရေးဆိုင်ရာ လက်တုံ့ပြန်မှုတစ်ခုဖြစ်သည့်အတွက် ၎င်းအနေဖြင့် ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဂျပန်အစိုးရ၏ ကုန်သွယ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ရှုတ်ချသူအချို့ရှိသော်လည်း နှစ်နိုင်ငံအကြား ဆက်ဆံရေးပျက်ပြားမည်ကို စိုးရိမ်ပူပန်သည့်အတွက် အခြေအနေများ ဆိုးရွားမှုမရှိစေရန် တောင်းဆိုသူများလည်း ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

အသွင်ကူးပြောင်းရေးကာလ အစိုးရတစ်ရပ်ထူထောင်ရေး ဆူဒန်စစ်ကောင်စီနှင့် အတိုက်အခံတို့ သဘောတူညီမှုရရှိ

ခါတွန် ဩဂုတ် ၃

ဆူဒန်နိုင်ငံတွင် အသွင်ကူးပြောင်းရေးကာလ အစိုးရအဖွဲ့တစ်ရပ်တည်ထောင်ရေးကို ဦးတည်သည့် ဆူဒန်အာဏာရစစ်ကောင်စီနှင့် အတိုက်အခံ လွတ်လပ်မှုနှင့် ပြောင်းလဲမှုအဖွဲ့ချုပ်(အက်ဖ်စီအေ)တို့အကြား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်အပေါ် သဘောတူညီမှု အပြည့်အဝရရှိခဲ့ကြောင်း အာဖရိကသမဂ္ဂ၏ ဆူဒန်နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မိုဟာမက်ဟာကင်လီဘတ်က ဩဂုတ် ၃ ရက်တွင် ပြောကြားသည်။

ခါတွန်မြို့တော်တွင် ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ဆူဒန်နိုင်ငံတွင် အဖွဲ့နှစ်ဖွဲ့အကြား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သဘောတူညီချက် စာချုပ်နှင့်ပတ်သက်၍ အပြည့်အဝသဘောတူညီမှုရရှိခဲ့ခြင်းအတွက် အလွန်ဝမ်းမြောက်ကြောင်း ၎င်းက ပြောကြားသည်။

ဆူဒန်စစ်ကောင်စီနှင့် လွတ်လပ်မှုနှင့်ပြောင်းလဲမှုအဖွဲ့ချုပ် ကိုယ်စားလှယ်များသည် ပြည်သူများရှေ့မှောက်တွင် တရားဝင်လက်မှတ်ရေးထိုးမှုများ ပြုလုပ်နိုင်ရေးအတွက် ဩဂုတ် ၃ ရက် ညနေပိုင်း၌ လုပ်ထုံးလုပ်နည်းဆိုင်ရာ အစည်းအဝေးများကို အပြီးသတ်ကျင်းပသွားမည်ဟု ၎င်းက ပြောကြားသည်။

အသွင်ကူးပြောင်းမှုကာလအတွင်း အချုပ်အခြာအာဏာပိုင်ကောင်စီ၊ ဝန်ကြီးချုပ်နှင့် ဥပဒေပြုကောင်စီတို့၏ အခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်က သတ်မှတ်ပေးမည်ဖြစ်သည်။ ၎င်းက လုံခြုံရေးနှင့် စစ်ဘက်ဆိုင်ရာအဖွဲ့များ ဆက်သွယ်မှုနှင့် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ နယ်စပ်ဒေသနှင့် ငြိမ်းချမ်းရေးကော်မရှင်တို့ ဆက်သွယ်မှုများကိုပါ သတ်မှတ်ပေးသွားမည်ဖြစ်သည်။

ဆူဒန်အာဏာရစစ်ကောင်စီနှင့် အတိုက်အခံ မဟာမိတ်အဖွဲ့ချုပ်တို့သည် အသွင်ကူးပြောင်းရေးကာလ၏ နိုင်ငံရေးဖွဲ့စည်းတည်ဆောက်ပုံ သဘောတူစာချုပ်ကို ယခုနှစ် ဇူလိုင် ၁၇ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။



၎င်းသဘောတူညီချက်အရ အရပ်သားငါးဦး၊ စစ်ဘက်မှ ကိုယ်စားလှယ်ငါးဦးနှင့် အပြန်အလှန်အကြံပြုဆွေးနွေးမှုများအပေါ် ဦးတည်ကာ အရပ်သားတစ်ဦး အပါအဝင် စုစုပေါင်း ၁၁ ဦးပါဝင်သည့် ပူးတွဲအချုပ်အခြာအာဏာပိုင်ကောင်စီကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

INF စာချုပ်ရုပ်သိမ်းအပြီး မြေပြင်အခြေပြုဒုံးလက်နက်များ အပြည့်အဝတိုးတက်အောင်လုပ်မည်ဟု အမေရိကန်ပြောကြား

ဝါရှင်တန် ဩဂုတ် ၃

တာလတ်ပစ် အဏုမြူလက်နက်တပ်ဖွဲ့များဆိုင်ရာစာချုပ် (INF) မှ နုတ်ထွက်ပြီးနောက် အမေရိကန်နိုင်ငံသည် မြေပြင်အခြေပြု သမားရိုးကျ ဒုံးကျည်လက်နက်များ အပြည့်အဝတိုးတက်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါက သောကြာနေ့က ကြေညာလိုက်သည်။

အမေရိကန်နိုင်ငံက INF စာချုပ်မှ တရားဝင်နုတ်ထွက်သည့်နေ့မှာပင် ကာကွယ်ရေးဝန်ကြီးက ၎င်းကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းထုတ်ပြန်ကြေညာချက်အရ အမေရိကန်နိုင်ငံသည် မြေပြင်အခြေပြု ဒုံးကျည်လက်နက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းကို ၂၀၁၇ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။

ယင်းဌာန၏ ကနဦး သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းသည် ရွေ့ပြောင်းနိုင်သည့် သမားရိုးကျမြေပြင်အခြေပြု ခရုဇ်ဒုံးကျည်နှင့် ပဲ့ထိန်းဒုံးကျည်စနစ်များကို အာရုံစူးစိုက် လုပ်ဆောင်ခဲ့သည်။ INF စာချုပ်ပါ တာဝန်ဝတ္တရားများကို လိုက်နာရသည့်အတွက် ယင်းဒုံးကျည်အစီအစဉ်များသည် ကနဦးအဆင့်မှာပင် ရှိသေးသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသည် ရုရှားကို စစ်အင်အားပြသည့်အနေဖြင့် လာမည့်သီတင်းပတ်များတွင် နျူကလီးယားလက်နက်မဟုတ်သည့် နေရာရွှေ့ပြောင်းပစ်ခတ်နိုင်သည့် ခရုဇ်ဒုံးကျည်လက်နက်သစ်များကို စမ်းသပ်ပစ်ခတ်ရန် စီစဉ်နေသည်ဟု အမေရိကန်မီဒီယာများက ရေးသားဖော်ပြကြသည်။

INF စာချုပ်ရုပ်သိမ်းမှုနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှုများကြောင့် လက်နက်ပြိုင်ပွဲအသစ် ပေါ်ပေါက်လာမည်ကို ဆန်းစစ်ဝေဖန်သူများက စိုးရိမ်မကင်းဖြစ်နေသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အမေရိကန်နှင့် ရုရှားတို့ကို နိုင်ငံတကာလက်နက်ထိန်းချုပ်ရေးအတွက် အများလက်ခံသည့် သဘောတူညီချက်အသစ် အဆောတလျင် ရှာဖွေကြရန် ကြာသပတေးနေ့က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ဇော်လင်း



အာရှတွင် ဒုံးလက်နက်သစ်များ အလျင်အမြန်တပ်ဆင်လိုကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ပြောကြား

ဆစ်ဒနီ ဩဂုတ် ၃

တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုကို တန်ပြန်ရန်အတွက် အမေရိကန်နိုင်ငံသည် အာရှဒေသတွင် ဒုံးကျည်လက်နက်သစ်များကို ဖြန့်ကြက်ချထားလိုကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးသစ် မာ့ခ်အက်စ်ပါက စနေနေ့က ပြောကြားလိုက်သည်။

INF စာချုပ် ရုပ်သိမ်းသွားသည့်အတွက် အာရှဒေသတွင် တာလတ်ပစ် သမားရိုးကျ ဒုံးကျည်လက်နက်သစ်များ ဖြန့်ကြက်ချထားရန် အမေရိကန်နိုင်ငံက စဉ်းစားခြင်းရှိ၊ မရှိ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ ပျံသန်းနေသည့် လေယာဉ်ပေါ်တွင် သတင်းထောက်များက ဝန်ကြီးကို မေးမြန်းရာ ၎င်းက ယင်းဒုံးကျည်လက်နက်များကို ဖြန့်ကြက်ချထားလိုကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ယင်းဒုံးလက်နက်များကို အချိန်မဆွဲဘဲ မြန်မြန် ဖြန့်ကြက်ချထားလိုကြောင်း၊ လအနည်းငယ်အတွင်း ဆောင်ရွက်လိုကြောင်း၊ သို့သော်လည်း ဤကိစ္စရပ်များသည် မျှော်မှန်းထားသည်ထက် ပိုမို အချိန်ကြာမြင့်တတ်ကြောင်း သတင်းထောက်များကို အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါက ပြောကြားခဲ့ကြောင်း သိရသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-အောင်ဇော်လင်း

ဆန်ဖရန်စစ္စကိုလေဆိပ်၌ တစ်ခါသုံးပလတ်စတစ်ဘူးများရောင်းချမှု ပိတ်ပင်

ဆန်ဖရန်စစ္စကို ဩဂုတ် ၃

ဆန်ဖရန်စစ္စကိုလေဆိပ်က တစ်ခါသုံးပလတ်စတစ်ဘူးများ ရောင်းချမှုကို ပိတ်ပင်တော့မည်ဖြစ်ပြီး လေယာဉ်စီးခရီးသည်များအနေဖြင့် ပြန်ဖြည့်နိုင်သောဘူးများ တစ်ပါတည်း သယ်ဆောင်ရန် လိုအပ်မည်ဟု အမေရိကန်မီဒီယာများက ရေးသားဖော်ပြသည်။

စည်းမျဉ်းသစ်မှာ ဩဂုတ် ၂၀ ရက်တွင် အာဏာတည်မည်ဖြစ်ပြီး မြေဖို့ရာတွင် သုံးမည့် စွန့်ပစ်အမှိုက်သရိုက် လျှော့ချရေး ငါးနှစ်စီမံချက်၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ဆန်ဖရန်စစ္စကိုခရိုနီကယ်လ် သတင်းစာက ဖော်ပြသည်။ “ကျွန်တော်တို့က ဒီအပြောင်းအလဲကို အကောင်အထည်ဖော်ဖို့ သတိမူမိတဲ့ ပထမဆုံးသော လေဆိပ်ဖြစ်ပါတယ်”ဟု လေဆိပ်ပြောရေးဆိုခွင့်ရှိသူ ဒေါက်ယာကယ်က အဆိုပါသတင်းစာသို့ ပြောကြားသည်။ ပိတ်ပင်မှုမှာ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များလည်း သက်ရောက်မည်ဖြစ်သော်လည်း ရန့်သတ်ထားသော ရေသန့်ဘူးများအတွက် လွတ်ငြိမ်းခွင့်ပေးထားသည်။ ဒူဘိုင်းနှင့် အိန္ဒိယရှိ လေဆိပ်များတွင်လည်း အလားတူ ပိတ်ပင်မှုများ ကြေညာခဲ့သော်လည်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပေ။ ကမ္ဘာပေါ်တွင် ပလတ်စတစ်ထုတ်လုပ်မှုမှာ မြန်မြန်ဆန်ဆန် ကြီးထွားလာခဲ့ပြီး လက်ရှိအချိန်တွင် တစ်နှစ် တန်ချိန် သန်း ၄၀၀ ကျော် ထုတ်လုပ်လျက်ရှိသည်။

တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများက ပင်လယ်၊ သမုဒ္ဒရာများအတွင်း ပြန့်ကြဲနေသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်။ နှစ်စဉ် ကမ္ဘာတစ်ဝန်းရှိ ငှက်ကောင်ရေတစ်သန်းနှင့် ရေနေနို့တိုက်သတ္တဝါ တစ်သိန်းကျော်မှာ ပလတ်စတစ်များနှင့် ငြိစွန်းမှုကြောင့် ဒဏ်ရာရ သို့မဟုတ် သေဆုံးရသည်။ ကနေဒါနှင့် ဥရောပသမဂ္ဂတို့က ၂၀၂၁ ခုနှစ်မှစတင်၍ တစ်ခါသုံး ပလတ်စတစ်များအသုံးပြုမှုကို ပိတ်ပင်ရန် ကတိပြုခဲ့သည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

ဆော်ဒီတပ်စခန်းသစ်အား ဟူသီစစ်သွေးကြွအုပ်စု တိုက်ခိုက်၊ အများအပြား သေဆုံး

ဆာနာ ဩဂုတ် ၃

ယီမင်နိုင်ငံအခြေစိုက် ဟူသီစစ်သွေးကြွအုပ်စုသည် ဆော်ဒီအာရေဗျနိုင်ငံ၏ တောင်ဘက်နယ်စပ်တပ်စခန်းသစ်တစ်ခုကို ဒုံးကျည်ဖြင့် ယနေ့တိုက်ခိုက်ခဲ့ကြောင်း ဟူသီအုပ်စုပိုင် အယ်လ်မာဆီရာ ရုပ်သံလွှင့်ဌာနက ကြေညာသည်။

ဟူသီစစ်သွေးကြွအုပ်စု၏ Badr-F အမျိုးအစား ဒုံးကျည်သည် ဆော်ဒီအာရေဗျနိုင်ငံ၏ တောင်ဘက် နာဂျရန်ပြည်နယ် ဆူကမ်ဒေသ၌ အသစ်တည်ဆောက်ထားသော ဆော်ဒီတပ်စခန်းတစ်ခုကို ထိမှန်ခဲ့ပြီး ဆော်ဒီတပ်ဖွဲ့ဝင်နှင့် ထောက်ကူပြုစစ်သည် အများအပြားသေဆုံးခဲ့ကြောင်း ရုပ်သံလွှင့်ဌာနက ထပ်မံပြောကြားသည်။ ရုပ်သံလွှင့်ဌာနသည် ဆော်ဒီအာရေဗျနိုင်ငံအား ကျောထောက်နောက်ခံပြုသည့် ယီမင်အစိုးရတပ်ဖွဲ့ကို ထောက်ကူပြုစစ်သည်ဟု ရည်ညွှန်းပြောဆိုခဲ့ခြင်း ဖြစ်သည်။

သို့သော် အဆိုပါတိုက်ခိုက်မှုသတင်းနှင့် ပတ်သက်၍ ဆော်ဒီအစိုးရဘက်မှ အတည်ပြုပြောဆိုခြင်း မရှိသေးကြောင်း သိရသည်။

ဟူသီစစ်သွေးကြွအဖွဲ့အဝင်များသည် မကြာသေးမီလများမှ စ၍ ဆော်ဒီအာရေဗျနှင့် ၎င်း၏ မဟာမိတ် ဖြစ်သည့် ယီမင်အစိုးရအပေါ် ဒုံးကျည်နှင့် မောင်းသူမဲ့ဒရုန်းလေယာဉ်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်မှု အရှိန်မြှင့်လုပ်ဆောင်လာခဲ့သည်။ ဟူသီစစ်သွေးကြွအုပ်စုက ဆော်ဒီအာရေဗျနိုင်ငံအား ပစ်မှတ်ထားပြီး ပစ်လွှတ်ခဲ့သော ဒုံးကျည်နှင့် ဗုံးများတင်ဆောင်လာသည့် မောင်းသူမဲ့ဒရုန်းလေယာဉ် အမြောက်အမြားကို ဆော်ဒီလေကြောင်းရန် ကာကွယ်ရေးစနစ်က ကြားဖြတ်ဟန့်တားပြီး ၎င်းတို့၏ ပစ်မှတ်များမရောက်မီ ဖျက်ဆီးပစ်ခဲ့သည်။

ဩဂုတ် ၁ ရက်က ယီမင်နိုင်ငံတောင်ဘက် အေဒင်ဆိပ်ကမ်းမြို့ရှိ ဂျာလားတပ်စခန်း၌ စစ်ရေးပြ အခမ်းအနားတစ်ရပ် ပြုလုပ်နေစဉ် ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ရာ ယီမင်အစိုးရတပ်ဖွဲ့ဝင် ၄၀ ထက်မနည်း သေဆုံးခဲ့သည်ဟု ဟူသီစစ်သွေးကြွအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ပြည်ပြေး ယီမင်သမ္မတ မန်ဆောဟာဒီအား ထောက်ခံအားပေးသည့်အနေဖြင့် ယီမင်နိုင်ငံအတွင်း အီရန်၏ မဟာမိတ်ဖြစ်သည့် ဟူသီစစ်သွေးကြွအုပ်စုအပေါ် ထိုးစစ်ဆင်တိုက်ခိုက်မှုများတွင် အာရပ်ညွန့်ပေါင်းတပ်ဖွဲ့ကို လေးနှစ်ကျော်ကြာ ဦးဆောင်လာခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

ဂျပန်နှင့် တောင်ကိုရီးယားကြား ပို့ကုန်ထိန်းချုပ်မှုများနှင့်ပတ်သက်၍ အမေရိကန် စိုးရိမ်

တိုကျို ဩဂုတ် ၃

ဂျပန်နှင့် တောင်ကိုရီးယားကြား ပို့ကုန်ထိန်းချုပ်မှုများအပေါ် အရှိန်မြှင့်လာသော အငြင်းပွားမှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက စိုးရိမ်ပူပန်မှုများ ဖော်ပြခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုခိုနိုက ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွမ်ပီယို၊ တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ကန်ကျောင်ဟွာတို့နှင့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုတစ်ခု ပြုလုပ်ပြီးနောက် တာရိုခိုနိုက သတင်းထောက်များသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှာ အမေရိကန်နိုင်ငံအတွက် အရေးပါသော မိတ်ဖက်နိုင်ငံများဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပွမ်ပီယိုက ပြောကြားခဲ့ပြီး ဆွေးနွေးမှုများမှတစ်ဆင့် အခြေအနေကို ဖြေရှင်းရန် နှစ်နိုင်ငံစလုံးကို တောင်းဆိုခဲ့ကြောင်း ခိုနိုက ပြောသည်။ အရှေ့မြောက်အာရှဒေသတွင် လက်ရှိအခြေအနေကို ရင်ဆိုင်ရာတွင် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးမှာ အရေးကြီးသည်ဟု ခိုနိုက ဆိုသည်။

တောင်ကိုရီးယားနိုင်ငံသည် စစ်ပွဲကာလ အလုပ်သမားအရေးနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်ခုကို တုံ့ပြန်ရာတွင် အမှန်ပြင်ပေးခြင်းအားဖြင့် ပြုမူဆောင်ရွက်သင့်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံရှိ ဂျပန်ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုပစ္စည်းများကို သိမ်းဆည်းရာတွင် ခွင့်ပြုသည့် ပြုမူဆောင်ရွက်ချက်များမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေကို ချိုးဖောက်ကြောင်း ခိုနိုကဆိုသည်။ ဂျပန်နိုင်ငံ၏ သံခင်းတမန်ခင်းကို အခြားမျက်နှာစာဖြင့် စမ်းသပ်လျက်ရှိသည်။ ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဟုဆိုထားသော ရုရှားနိုင်ငံက ထိန်းချုပ်ထားသည့် ကျွန်းတစ်ကျွန်းဖြစ်သည့် အီတိုရိုဖုကျွန်းသို့ ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ဗ် သွားရောက်ခဲ့သော ခရီးစဉ်နှင့် ပတ်သက်၍ ပိုင်နက်နယ်မြေကိစ္စအပေါ် ဂျပန်နိုင်ငံ၏ ရပ်တည်ချက်ကို တန်ပြန်လိုက်ခြင်းဖြစ်ကြောင်း ခိုနိုက ပြောသည်။

ထိုပြဿနာကို ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ရပ်ဖြင့်သာ ဖြေရှင်းသင့်ပြီး ဂျပန်နိုင်ငံက စာချုပ်နှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းမှုများ ရှေ့ဆက်လုပ်ဆောင်မည်ဟု ဆိုသည်။ အငြင်းပွားကျွန်းလေးကျွန်းမှာ ဂျပန်ပိုင်နက်နယ်မြေ၏ အစိတ်အပိုင်းဖြစ်သည်ဟု ဂျပန်အစိုးရက ခံယူပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်း တရားမဝင် သိမ်းပိုက်ခံခဲ့ရသည်ဟု ပြောသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး

မကွေးမြို့ ကန်သာကန်အနီး လူတစ်ဦးသေဆုံးခဲ့ခြင်းမှာ ဓားထိုးခံရခြင်းကြောင့် မဟုတ်ဘဲ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံးခြင်းသာဖြစ်ဟု ရဲတပ်ဖွဲ့ဆို

မကွေး ဩဂုတ် ၃

လူထုအပန်းဖြေနေရာတစ်ခုအဖြစ် ဖော်ဆောင်နေသော ကန်သာကန်ကြီးအနီး၌ ဓားထိုးမှု၊ လူသတ်မှုများ ဖြစ်ပွားနေကြောင်း လူမှုကွန်ရက်တွင် ပျံ့နှံ့ခဲ့သော်လည်း မကွေးမြို့နယ် ရဲတပ်ဖွဲ့ကဟုတ်မှန်ခြင်း မရှိကြောင်း ငြင်းဆိုလိုက်ပြီး ဇူလိုင် ၂၈ ရက် ညက ကန်သာကန်အနီး လူတစ်ဦးသေဆုံးခဲ့ခြင်းမှာ ဓားထိုးခံရခြင်းကြောင့်မဟုတ်ဘဲ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသေဆုံးခြင်းသာဖြစ်ကြောင်း မကွေးမြို့နယ် ရဲတပ်ဖွဲ့မှူးထံမှ သိရသည်။

"သေဆုံးသူရဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ သူငယ်ချင်းအပေါင်းအသင်းတွေ၊ အရက်သောက်ဖော် သောက်ဖက်တွေနဲ့ သူတို့သွားလာခဲ့ရာ လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ CCTV မှတ်တမ်းတွေကို စစ်ဆေးပြီးပါပြီ။ ဆိုင်ကယ်မောင်းသူကလည်း ဝန်ခံထွက်ဆိုခဲ့တာကြောင့် လူသတ်မှုမဟုတ်ဘဲ လူသေမှုသာဖြစ်တယ်ဆိုတာ ပေါ်ပေါက်ပါတယ်"ဟု မကွေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေတင်က CCTV မှတ်တမ်းများ သက်သေများဖြင့် ရှင်းလင်းပြောပြသည်။

ကန်သာကန်ပေါင်တွင် ဇူလိုင် ၂၉ ရက် နံနက် ၁ နာရီကျော်ဝန်းကျင်က မကွေးမြို့ ရန်ကျော် ၁၂ လမ်းမှ ဇော်မင်းသိန်းမှာ တစ်ရပ်ကွက်တည်းနေ ကျော်မိုးထွန်း၏ဆိုင်ကယ်နောက်တွင် လိုက်ပါစီးနင်းရင်း ပြုတ်ကျသေဆုံးခြင်းဖြစ်သည်ကို ဖော်ထုတ်တွေ့ရှိရကြောင်း၊ ဇော်မင်းသိန်း၏အလောင်းအား မကွေးမြို့ ပြည်သူ့ဆေးရုံတွင် ပို့စ်ထားရာ ဆရာဝန်ဆေးစာပြန်ကြားလာခြင်း မရှိသေးသဖြင့် မကွေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

ကမ်းနားလမ်းတွင် ကုန်သေတ္တာတင်ယာဉ်က ယာဉ်လေးစီးကို ဆင့်တိုက်ကာ အငှားယာဉ်တစ်စီးပေါ် ကွန်တိန်နာပုံးပြုတ်ကျ

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်းတွင် ကုန်သေတ္တာတင် ၂၂ ဘီး နောက်တွဲယာဉ်က ယာဉ်လေးစီးအား ဆင့်တိုက်မိပြီး အငှားယာဉ်တစ်စီးပေါ် လဲကျတိမ်းမှောက်ခဲ့ရာ အဆိုပါ အငှားယာဉ်မှာ လုံးဝပျက်စီးကြေမွသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂ ရက် ည ၁၁ နာရီ မိနစ် ၄၀ က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်းအတိုင်း အနောက်မှ အရှေ့သို့ ဆန်အိတ်များတင်ဆောင်မောင်းနှင်လာသော ကုန်သေတ္တာတင် ၂၂ ဘီးနောက်တွဲယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ကမ်းနားလမ်း ညဈေးကွန်ကရစ်တုံးများကိုတိုက်၍ အနီးတွင်ရပ်ထားသောယာဉ်အပါအဝင် ယာဉ်လေးစီးကို ဝင်တိုက် မိခဲ့သည်။ ထို့နောက် ရပ်ထားသောအငှားယာဉ်တစ်စီးပေါ်သို့ ကွန်တိန်နာ လဲကျတိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် အငှားယာဉ်မောင်းနှစ်ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း ရဲမှတ်တမ်းအရ သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

လှည်းကူးမြို့နယ်သို့ ရောက်ရှိနေသော တောဆင်ရိုင်းနှစ်ကောင်အား ဖမ်းဆီး

လှည်းကူး ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၆/၅ အနီး အမြန်လမ်းနှင့်ကပ်လျက်ရှိသည့် သီဟိုဠ်ခြံအတွင်း ရောက်ရှိနေသော တောဆင်ရိုင်းနှစ်ကောင်အား ဩဂုတ် ၃ ရက် နံနက် ၈ နာရီ ၂၂ မိနစ်ခန့်က မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၃/၂ နှင့် ၁၃/၄ ကြားတွင် တောဆင်ရိုင်းနှစ်ကောင် ရောက်ရှိနေပြီး သွားလာလှုပ်ရှားနေကြောင်း သတင်းအရ အဆိုပါတောဆင်ရိုင်းနှစ်ကောင်အား ဖမ်းဆီးရမိနိုင်ရေးအတွက် ဩဂုတ် ၁ ရက်တွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသက်ညဏ်ဦး ဦးဆောင်၍ သစ်တောဝန်ထမ်းခုနစ်ဦးနှင့် မြို့နယ်သစ်တော လုံခြုံရေးရဲတပ်ဖွဲ့တို့ ပူးပေါင်းအဖွဲ့သည် တောဆင်ရိုင်းနှစ်ကောင်သွားရာ လမ်းကြောင်း အတိုင်း ခြေရာခံလိုက်လံစစ်ဆေးခဲ့ရာ လှည်းကူးမြို့နယ် ဇလုပ်ကြီးကျေးရွာအနီး၌ တွေ့ရှိရသဖြင့် စောင့်ကြည့်ခဲ့ကြောင်း။

ဩဂုတ် ၂ ရက် နံနက် ၈ နာရီခန့်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၆/၅ အနီး အမြန်လမ်းနှင့် ကပ်လျက်ရှိသည့် သီဟိုဠ်ခြံအတွင်း ရောက်ရှိနေသဖြင့် မြို့နယ်သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများ၊ ဆင်သတ်ဂိုဏ်း ဖမ်းဆီးဖော်ထုတ်ရေးအဖွဲ့၊ ဆင်ဆရာဝန်အဖွဲ့၊ အရေးပေါ်ဆင်ထိန်းသိမ်းရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြန်မာ့သစ်လုပ်ငန်း သာယာဝတီ သစ်ထုတ်လုပ်ရေးဒေသမှ ကွန်ဂျီဆင်သုံးကောင်ဖြင့် တောဆင်ရိုင်းနှစ်ကောင်အား မေ့ဆေးပစ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဩဂုတ် ၃ ရက် နံနက် ၆ နာရီတွင် မန်နေဂျာ ဦးဇော်မင်းဦး (ဆင်ဆေးကု)သည် မြန်မာ့သစ်လုပ်ငန်း ရန်ကုန်ရုံးချုပ်မှ မေ့ဆေးသေနတ် ယူဆောင်ခဲ့ပြီး တောဆင်ရိုင်းနှစ်ကောင်နောက်သို့ ခြေရာခံလိုက်လံခဲ့ပြီး နံနက် ၈ နာရီ ၂၂ မိနစ်ခန့်က မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသော တောဆင်ရိုင်းနှစ်ကောင်အား ဖြေဆေးထိုးပြီး ပဲခူးတိုင်းဒေသကြီး မြောက်ဇာမရီဆင်ထိန်းကာကွယ်ရေး ဘေးမဲ့တောသို့ ပို့ဆောင်ခဲ့သည်။

နိုင်လင်း(လှည်းကူး)

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃

မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက မူဆယ်မြို့ ဟိုမွန်ရပ်ကွက် နယ်မြေ(၁၇)နေ ယိန်းခေါ်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄၀ နှင့် ဘိန်းဖြူ ၁၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် လွိုင်လင်-တောင်ကြီးသွားကားလမ်း ဟိုတင့်ကျေးရွာအနီးတွင် စောအောင်မျိုး (ခ) အောင်ကြီးမောင်းနှင်ပြီး မစန်းစန်းရင်နှင့် ဝင်းဇော်ထွန်း(ခ)ဝတုတ်တို့ လိုက်ပါလာသောယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၄၀၀၀၀၊ မြန်မာ ကျပ်ငွေ ၈၃၀၀၀ နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပင်လုံမြို့ ရပ်ကွက်(၂) နောင်ပလူးလမ်းရှိ ခွန်မောင်ပုတ်၏ နေအိမ်ကို ရှာဖွေရာ Honda Fit အမျိုးအစား ယာဉ်တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ ပင်လုံမြို့ ရပ်ကွက်(၄) လမ်းမတော်လမ်းနေ စိုင်းပီး၏နေအိမ်၌ရှာဖွေရာ လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၈ နာရီခန့်တွင် မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက် ရေထွက်ဦးလမ်းတွင် တွေ့ရှိသူ ကျော်အေး အား ရှာဖွေရာ စိတ်ကြွဆေးပြား ၁၂၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

နေပြည်တော် ဩဂုတ် ၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် ကြိုးကြပ်ကွပ်ကဲခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဈေးကွက်တွင်ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ ပူးတွဲဖော်ပြပါ အလှကုန်ပစ္စည်း ငါးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	အလှကုန်ပစ္စည်းအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ	တွေ့ရှိချက်	ပစ္စည်းနမူနာ
၁။	NOTE Mattemoist Lip Gloss	ဖော်ပြမထားပါ။	Rhodamine B(+)	
၂။	New Citra Gold – Pearly White UV Day Cream	Milott Laboratory Co., Ltd, Thailand.	Mercury (+)	
၃။	Aweto Whitening Day Cream 30g + Whitening Night Cream 30g	တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။	Mercury (+)	
၄။	Kiss Beauty Real Gel Tint 9 Fruit Flavor 14ml	Made In P.R.C	Rhodamine B(+)	
၅။	Romantic May Matte Lipstick	ဖော်ပြမထားပါ။	Rhodamine B(+)	

တားမြစ်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများဖြစ်ပွားနိုင်ပါသည်။ RhodamineB အရောင်ဆိုးဆေးသည် အဝတ်အထည်များ အရောင်ဆိုးရာတွင် အသုံးပြုသော ဓာတုပစ္စည်းဖြစ်၍ ရေရှည်သုံးစွဲပါက နှုတ်ခမ်းကင်ဆာ၊ အစာအိမ်အူလမ်းကြောင်းကင်ဆာနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

တောင်ကြီးမြို့ရှောင်လမ်းဖောက်လုပ်မည့်နေရာသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

တောင်ကြီး ဩဂုတ် ၃

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ တောင်ကြီး တက္ကသိုလ်ကျောင်းရှေ့လမ်းနှင့် အနောက်မြို့ပတ်လမ်းထိ AC လမ်း ပေ (၄၈-၆၀) လမ်းတိုးချဲ့ပြုပြင်နေမှုနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းပြုပြင်နေမှုကို ဩဂုတ် ၁ ရက် ညနေ ၄ နာရီက ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များကိုမှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လင်ကွင်းရွာမှ ထီရိး(မွေးမြူရေးဇုန်) ၂/၀ မိုင် မြေသားလမ်းကို ဝဿာန်အားမာန်ကုမ္ပဏီမှလည်းကောင်း၊ လင်ကွင်း-လင်ငယ်လမ်းဆုံမှ လင်ကွင်းရွာ ၂/၀ မိုင် မြေသားလမ်း၊ လင်ကွင်းရွာမှ ထီရိး(မွေးမြူရေးဇုန်) ၀/၆ မိုင်မြေသားလမ်းတို့ကို DHK Co.,Ltd. မှလည်းကောင်း၊ ညိုမီးရွာအဝင်လမ်းဆုံမှ လေးမိုင်ကွေ့ထိ ၄/၆ မိုင် မြေသားလမ်း၊ လင်ကွင်း- လင်ငယ်လမ်းဆုံမှ ညိုမီးရွာအဝင်လမ်းဆုံ ၂/၀ မိုင် မြေသားလမ်းအား ပြည်နယ်လမ်းဦးစီးဌာနတို့က တာဝန်ယူဆောင်ရွက်မည့် နေရာများအား ကြည့်ရှုခဲ့သည်။

အဆိုပါ မြို့ရှောင်လမ်းသည် လမ်းအကျယ်မှာ ပေ (၆၀-၁၀၀) ရှိပြီး ကျပ်၂၃၈ ဒသမ ၉၄ သန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မလေးရှားနိုင်ငံ ဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမားအားဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၃

မလေးရှားနိုင်ငံ ကူချင်းမြို့တွင် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် မလေးရှားနိုင်ငံဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားမယ် မေမြတ်နိုးဦးအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားကို ဩဂုတ် ၂ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ဂျမား)၌ ကျင်းပခဲ့သည်။

အဆိုပါ မလေးရှားဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် နိုင်ငံ ၂၅ နိုင်ငံ၊ ကလပ်အသင်း ၃၀ ကျော်မှ ကစားသမား ၆၀၀ ကျော်ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး သန်လျင်တိုက်ကွမ်ဒိုကလပ်မှ ကစားသမားလေးဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ပြည့်ဖြိုးကျော်က အသက် (၁၂)နှစ်မှ (၁၄)နှစ်ကြား အတိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု၊ သန်လျင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဂျမား)မှ ဆဋ္ဌမတန်းကျောင်းသူ မေမြတ်နိုးဦးက အသက် (၉)နှစ်မှ (၁၁) နှစ်ကြား အတိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြောင်း သိရသည်။

တိုက်ကွမ်ဒိုကစားသမား မေမြတ်နိုးဦးသည် သန်လျင်တိုက်ကွမ်ဒိုကလပ်မှ အားကစားသမားတစ်ဦးဖြစ်ကာ ယခင်က ပြည်တွင်း တိုက်ကွမ်ဒိုကလပ်ပေါင်းစုံ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုနှင့် အခြားဆုများ ရရှိခဲ့သည်။

ဇာနည်မောင်

ကမ္ဘာမြေကို ပလတ်စတစ်အန္တရာယ်မှ ဝိုင်းဝန်းကာကွယ်ကြပါစို့

ကျော်စိုး(ကော့သောင်း)

သဘာဝပတ်ဝန်းကျင်သည် လှ၏။ သို့သော် ယနေ့ကာလ လူသားတို့သုံးစွဲကြသည့် စွန့်ပစ်ပလတ်စတစ်များကြောင့် အကျည်းတန်မှု သံသရာ ကမ္ဘာနှင့်အဝှမ်း ရှင်း၍ မဆုံးရှိချေသည်။

လူသားမျိုးနွယ်တို့ နှစ်သန်းပေါင်းများစွာ ကမ္ဘာမြေပေါ်တွင် ရှင်သန်နေထိုင်လာကြရာ လူသားတို့ဘဝ အသက်ရှင်နေထိုင်ရေး အသုံးအဆောင်ပစ္စည်းများ တီထွင်မှုအပေါ်မူတည်ကာ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် စသည်ဖြင့် လူတို့အသုံးပြုရာ ပစ္စည်းကိရိယာများအပေါ်အခြေခံ၍ ခေတ်များအား ပိုင်းခြားခေါ်ဝေါ်ခဲ့ရာ ယခုခေတ်ကို လူတို့၏ အမြင်ရှုထောင့်အမျိုးမျိုးမှ Computer ခေတ်၊ Information Technology ခေတ်၊ Electronic ခေတ်ဟူ၍ အမျိုးမျိုးသတ်မှတ်ခေါ်ဝေါ်ကြသော်လည်း ယခုခေတ်သည် ပလတ်စတစ်ခေတ်ဦးပိုင်းဟု ခေါ်ဆိုနိုင်ပေသည်။

အဘယ်ကြောင့်ဆိုသော် ယနေ့ခေတ်တွင် လူသားတို့အသုံးပြုသော ပစ္စည်းကိရိယာတိုင်းသည် ပလတ်စတစ်နှင့်ကင်းကွာ၍ မရသလောက်ဖြစ်နေပါသည်။ ထိုပလတ်စတစ်၏ ဂုဏ်သတ္တိများမှာ လူသားတို့အတွက် အကျိုးထူးလှသည်ဖြစ်သော်လည်း လူသားတို့ထိန်းသိမ်းမှုညံ့ဖျင်းခြင်းကြောင့် လူသားတို့ အကျိုးစီးပွားကို ပျက်စီးစေသည့်အပြင် လူသားတို့မှီတင်းနေထိုင်ရာ သဘာဝပတ်ဝန်းကျင် တောတောင်ရေမြေများလည်း ပျက်စီးစပြုနေသည်မှာ ကမ္ဘာနှင့်အဝှမ်း တွေ့မြင်နေကြရပေသည်။

ပလတ်စတစ်၏ အစွမ်းသတ္တိသည် အပူမှလွဲ၍ မည်သည့် ဇက်တီးရီးယားနှင့် ရေ၊ လေတို့မှ မပျက်စီးစေနိုင်ပါ။ ပလတ်စတစ်အိတ်ခွံတစ်ခုသည် ကမ္ဘာမြေကြီးပေါ်တည်ရှိနေပါက ကမ္ဘာမြေကြီးအား ကာကွယ်ထားသကဲ့သို့ဖြစ်ကာ မည်သည့်အပင်မှ ရှင်သန်ပေါက်ရောက်ရန် မဖြစ်နိုင်တော့ချေ။ ထို့အတူ ပလတ်စတစ်အိတ်ခွံတစ်ခုသည် အကြောင်းကြောင်းကြောင့် ပင်လယ်အတွင်းသို့ ရောက်ရှိသွားသည်ဆိုပါစို့။ ထိုပလတ်စတစ်သည် ဒီရေအတက်၊ အကျကိုလိုက်၍ လပေါင်းအတော်ကြာမျောပါနေလျက် ငါးလေးများ ထိုအိတ်ခွံအတွင်းသို့ ဝင်ရောက်မိသွားကာ ပြန်လည်ရုန်းမထွက်နိုင်ခဲ့ပါက သေကျေပျက်စီးစေနိုင်သလို ငါးအကြီးတစ်ကောင်မှလည်း အစာအမှတ်ဖြင့် စားသောက်မိပါကလည်း အစာချေဖျက်နိုင်စွမ်းမရှိသည့်အတွက် သေကျေစေနိုင်ပေသည်။ သို့သော် ထိုပလတ်စတစ်အိတ်မှာ ပျောက်ပျက်မသွားသေးဘဲ ပင်လယ်အတွင်း ဆက်လက်တည်ရှိကာ (Corl Reefs) ခေါ် သန္တာကျောက်၊ ဗာဂျီများအပေါ် ရစ်ပတ်တွယ်ငြိခဲ့သည်ရှိသော် ထိုသန္တာကျောက်တန်းများကြီးထွားမှု ရပ်ဆိုင်းသွားကာ သေဆုံးခြင်းသို့ ရောက်ရှိနိုင်ပေသည်။ သန္တာကျောက်တန်းတစ်ခု ခြောက်လက်မခန့်ကြီးထွားဖွံ့ဖြိုးရန် အမျိုးအစားအလိုက် နှစ်ပေါင်း ၅၀ မှ ၁၀၀ ကျော်အထိ ကြာမြင့်သည်ဖြစ်ရာ ဆုံးရှုံးရမည့် ပမာဏနှင့် အချိန်ကာလကို တွက်ဆကြည့်ပါက များလွန်းလှပေသည်။ ထို့အတူ ထိုသန္တာကျောက်တန်းအား အမှီပြုကျက်စားသည့် ရေသတ္တဝါများလည်း သေကျေပျက်သုဉ်းကြပေမည်။

ကမ္ဘာပေါ်တွင် တစ်နေ့လျှင် ပလတ်စတစ်အိတ်ချည်းပင် သန်းနှင့်ချီ၍ စွန့်ပစ်နေကြသဖြင့် စည်းမဲ့ကမ်းမဲ့သာ စွန့်ပစ်နေကြပါက နောက်ရာစုနှစ်အနည်းငယ်အတွင်း သစ်ပင်များပေါက်ရောက်ရှင်သန်မှု အလွန်တရာနည်းပါးသွားနိုင်သည့်အတွက် သတ္တဝါနှင့် အပင်တို့၏ ဂေဟစနစ်ပျက်ပြယ်သွားပြီး သက်ရှိသတ္တဝါနှင့် အပင်မှန်သမျှ ပျက်စီးသွားနိုင်ပေသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အမှိုက်စွန့်ပစ်သည့်နည်းစနစ်များအား သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနည်းနိုင်သမျှနည်းစေရန် ဆောင်ရွက်ကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ပလတ်စတစ်ဘူးခွံကဲ့သို့သော ပစ္စည်းများအား (Recycling) ပြန်လည်ထုတ်လုပ်သုံးစွဲမှုများရှိသော်လည်း ပလတ်စတစ်အိတ်ပါးများအား စနစ်တကျစွန့်ပစ်သည့်အလေ့အထ နည်းပါးသည့်အတွက် ရေထုညစ်ညမ်းခြင်း (Water Pollution)၊ မြေထုညစ်ညမ်းခြင်း (Earth Pollution) များ မဖြစ်ပေါ်နိုင်စေရန် လူသားတိုင်း ပလတ်စတစ်သုံးစွဲမှုကို လျှော့ချကြပြီး စည်းကမ်းမဲ့ မစွန့်ပစ်ကြခြင်းဖြင့် ကမ္ဘာမြေကို ပလတ်စတစ်အန္တရာယ်မှ ဝိုင်းဝန်းကာကွယ်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

ခေါင်လန်ဖူးမြို့နယ်၌ လူဦးရေစာရင်း အချက်အလက်ကောက်ယူပြုစုခြင်းဆိုင်ရာ သင်တန်းဖွင့်

ခေါင်လန်ဖူး ဩဂုတ် ၃

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်တွင် လူဦးရေစာရင်းအချက်အလက် ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက ခေါင်လန်ဖူးမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနန်ဟီးဒီးက လူဦးရေစာရင်းအချက်အလက် ကောက်ယူပြုစုခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ခေါင်လန်ဖူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးဖုန်ဂါရမ်က လူဦးရေစာရင်းအချက်အလက် ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မောက လူဦးရေစာရင်း ဥပဒေများစိစစ်ခြင်းနှင့် စံနှုန်းသတ်မှတ်ခြင်း၊ ယာယီအိမ်ထောင်စုလူဦးရေစာရင်း ပြုစုခြင်းဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့ကြသည်။

ကွင်းဆင်းကောက်ယူ

အဆိုပါသင်တန်းသို့ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ စုစုပေါင်း လူဦးရေ ၁၃၀ တို့ တက်ရောက်ခဲ့ကြပြီး ခေါင်လန်ဖူးမြို့နယ်တွင် ရပ်ကွက်လေးရပ်ကွက် ကျေးရွာအုပ်စု ၂၃ အုပ်စုတို့တွင် ဩဂုတ် ၃ ရက်မှစ၍ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)


ကျားဝါဖေ့ဖေ့
ကြယ်ဖြူ
မိသားစု ကာတွန်းများ

DRAWING BOOK


LAW

တစ်ဖန်နီရဲ့ တေးသီချင်းသစ် စတင်ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Girls Generation” ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ တစ်ဖန်နီဟာ လတ်တလောမှာ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းသစ်ကို စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီတေးသီချင်းသစ်ဟာ iTunes တေးဂီတဇယားတွေမှာ အောင်မြင်မှုတွေ ရနေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဩဂုတ် ၃ ရက်မှာ တစ်ဖန်နီရဲ့တစ်ကိုယ်တော်တေးသီချင်း “Magnetic Moon” ကို စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ယင်းတေးသီချင်းဟာ လက်ရှိမှာတော့ ကမ္ဘာတစ်ဝန်းက နိုင်ငံအချို့ရဲ့ iTunes တေးဂီတဇယားတွေမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒီနိုင်ငံတွေထဲမှာတော့ ကနေဒါ၊ အမေရိကန်၊ နယူးဇီလန်နဲ့ အာရှနိုင်ငံတွေဖြစ်ကြတဲ့ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ထိုင်းစတဲ့ နိုင်ငံတွေမှာလည်း ထိပ်ဆုံးကနေဦးဆောင်နေတာကိုလည်း တွေ့ရပါတယ်။

ဩဂုတ် ၁ ရက်က ဆိုးလ်မှာ ပြုလုပ်ခဲ့တဲ့ “2019 M2 X Genie Music Awards” ဆုပေးပွဲကို တက်ရောက်လာတဲ့ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ TWICE ကော်ဇောနီပေါ် အမှတ်တရ။

ချစ်သူသစ် ရနေပြီဖြစ်ကြောင်း သတင်းတွေ ထွက်လာတဲ့ အရီရန်နာဂရန်းဒ်

ကျော်ကြားတဲ့ အမေရိကန်ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ လတ်တလောမှာ သူ့ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီသီချင်းနဲ့အတူ တေးဗီဒီယိုကိုလည်း တွဲဖက်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဂရမ်မီဆုရှင် အရီရန်နာဂရန်းဒ်ဟာ ဒီတေးသီချင်းသစ်မှာ တေးသံရှင် ဆိုရှယ်လ်ဟောက်စ်နဲ့ တွဲဖက်သီဆိုထားပါတယ်။

တေးသီချင်း ထုတ်လွှင့်ခဲ့ပြီး မကြာမီမှာပင် အရီရန်နာဂရန်းဒ်ဟာ ဆိုရှယ်လ်ဟောက်စ်နဲ့ ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တာ ဖြစ်တယ်လို့ ဟောလိဝုဒ် လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး အွန်လိုင်းမီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့တာတွေကြောင့် နှစ်ဦးသား ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်လာတာ ဖြစ်ပါတယ်။

လက်ရှိမှာ အသက် ၂၆ နှစ်ရှိပြီဖြစ်တဲ့ အရီရန်နာဂရန်းဒ်ဟာ တေးသီချင်းသစ် “Boyfriend” အတွက် အစမ်းထုတ်လွှင့်မှုတွေကို သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေ တစ်ဆင့် ပြုလုပ်ခဲ့ပြီးနောက် ဩဂုတ် ၂ ရက်မှာ ယင်းတေးသီချင်းရဲ့ တေးဗီဒီယိုကိုပါ ထုတ်လွှင့်ပေးခဲ့တာလည်း ဖြစ်ပါတယ်။

ဒီတေးဗီဒီယိုမှာ မိုက်ကယ်မစ်ကီဗိုစတာက ပါဝင်သရုပ်ဆောင်ထားပြီး ရှုပ်ထွေးတဲ့ ဆက်ဆံရေးတစ်ခုအကြောင်း ပုံဖော်ထားတာဖြစ်ပါတယ်။ ဒီတေးသီချင်းမှာ ပါဝင်ထားတဲ့ ဇာတ်ကောင်နှစ်ဦးဟာ ချစ်သူတွေအဖြစ် တရားဝင် လက်တွဲနေတာ မဟုတ်ကြပေမယ့် တစ်ဦးကိုတစ်ဦး အခြားသူတွေနဲ့ လက်တွဲတာကိုလည်း မနှစ်မြို့ကြဘူး။ အခြားသူတွေနဲ့ တွဲသွားတာတွေ့ပါက အပြန်အလှန်ရန်လုပ်လေ့ရှိတာကိုလည်း တွေ့ရပါတယ်။

ဒီတေးဗီဒီယိုနဲ့ ပတ်သက်ပြီး အရီရန်နာဂရန်းဒ်က တေးဗီဒီယိုထဲက အဖြစ်အပျက်တွေဟာ သူ့ရဲ့ပတ်ဝန်းကျင်မှာ တွေ့ရလေ့ရှိတဲ့အရာဖြစ်တယ်လို့ ဆိုပါတယ်။ လူတွေဟာ အချစ်ကို ခံစားချင်ကြသော်လည်း တစ်ယောက်ယောက်နဲ့ ချစ်သူဖြစ်နေကြောင်း ဝန်မခံချင်သလို တစ်ယောက်ယောက်ကို အပြည့်အဝယုံကြည်လိုက်ရမှာ၊ တစ်ယောက်ယောက်အပေါ် အပြည့်အဝ ချစ်ခင်လိုက်ရမှာကို ခက်ခဲနေကြပြီး သူတို့ကိုယ်တိုင် ချစ်ခင်ယုံကြည်ချင်နေတဲ့ အချိန်မှာတောင်မှ ဒီလိုခံစားတတ်ကြကြောင်းလည်း အရီရန်နာဂရန်းဒ်က ရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

ကောလာဟလတွေ ပေါ်ထွက်ခဲ့ပြီးနောက် SMTOWN ဖျော်ဖြေပွဲတွေကနေ နုတ်ထွက်လိုက်တဲ့ ကန်တ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ကန်တဟာ လတ်တလောမှာတော့ ချစ်သူရနေပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ကန်တရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး သတင်းတွေ ပေါ်ထွက်လာခဲ့ရာမှာ တစ်ရက်တည်းမှာပင် မင်းသမီးဂျန်ယိုမီနဲ့ ချစ်သူဖြစ်နေကြောင်း သတင်းတွေ ထွက်ခဲ့သလို အချစ်ဟောင်းဖြစ်တဲ့ မော်ဒယ်လ်နဲ့လည်း ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာ ဖြစ်ပါတယ်။

ဒီလို သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက်မှာတော့ ကောလာဟလတွေဟာ မှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းခဲ့ပါတယ်။ ဒါ့အပြင် ကန်တရဲ့ အချစ်ဟောင်းတစ်ဦးကလည်း သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ သူနဲ့ ကန်တတို့ရဲ့ အချစ်ရေးအကြောင်းကို ဖွင့်ဟခဲ့ပါတယ်။ ကန်တဟာ သူနဲ့ ချစ်ကြိုက်နေစဉ်မှာပင် သူ့ကို လိမ်လည်ကာ မော်ဒယ်လ်တစ်ဦးနဲ့ လက်တွဲခဲ့ကြောင်း သူ့ရဲ့ အင်စတာဂရမ်ပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေ ကြုံနေရတာကြောင့် ကန်တဟာ “SMTOWN” ဖျော်ဖြေပွဲမှာ ပါဝင်သွားဖို့ရာ စီစဉ်ထားတာကို ဖျက်သိမ်းလိုက်ကြောင်း လတ်တလောမှာ ထုတ်ဖော်အသိပေးလာတာ ဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပထမအကြိမ် ထွက်ပေါ်လာတဲ့ သတင်းတွေအရ ကန်တဟာ မင်းသမီးဂျန်ယိုမီနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းကပင် စတင်လက်တွဲခဲ့တာလို့ သိရပါတယ်။ တစ်ရက်တည်းမှာပင် ကန်တရဲ့ အချစ်ဟောင်းဖြစ်တဲ့ မော်ဒယ်လ် ဝူဂျိုအာကလည်း ကန်တနဲ့ ချိန်းဆိုတွေ့ဆုံစဉ်ရိုက်ကူးထားတဲ့ ဗီဒီယိုကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ပါတယ်။ ဒီဗီဒီယိုအရတော့ သူတို့နှစ်ဦး ချစ်ကြိုက်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဒီလို ဗီဒီယိုကို ထုတ်လွှင့်ခဲ့ပြီး မကြာမီမှာပင် ဝူဂျိုအာက ပြန်လည်ဖျက်သိမ်းခဲ့ပြီး မမျှော်လင့်ဘဲ ဗီဒီယိုကို တင်မိခဲ့တာဖြစ်ကြောင်းနဲ့ သူတို့နှစ်ဦးဟာ ချစ်သူတွေဖြစ်ခဲ့ကြပြီး ပြီးခဲ့တဲ့နှစ်အတွင်းမှာ လမ်းခွဲခဲ့ကာ လက်ရှိမှာတော့ ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဒီလို သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက် ကန်တရဲ့ ဖျော်ဖြေရေး

အေဂျင်စီက ကန်တနဲ့ ဝူဂျိုအာတို့ဟာ ချစ်သူတွေ ဖြစ်ခဲ့ကြပြီး လမ်းခွဲခဲ့တာ နှစ်နဲ့ချီကြာခဲ့ပြီဖြစ်ကြောင်းနဲ့ လက်ရှိမှာ ပြန်လည်လက်တွဲနေခြင်းမရှိကြောင်း တုံ့ပြန်ခဲ့ပါတယ်။ မင်းသမီး ဂျန်ယိုမီရဲ့ဖျော်ဖြေရေးအေဂျင်စီကလည်း မင်းသမီးနဲ့ ကန်တတို့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေဟာ မှားယွင်းနေတယ်လို့ ပြန်လည်တုံ့ပြန်ခဲ့တယ်လို့ သိရပါတယ်။

ဒီသတင်းတွေနဲ့ပတ်သက်ပြီး ကန်တက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရှင်းလင်းရေးသားခဲ့ပါတယ်။ သူနဲ့ ဝူဂျိုအာတို့ဟာ ပြီးခဲ့တဲ့ နှစ်အတွင်း လမ်းခွဲခဲ့ကာ ဇူလိုင်လကုန်ပိုင်းမှာ ပြန်လည်တွေ့ဆုံခဲ့ကြကြောင်း၊ သို့သော် ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ခြင်းမရှိကြောင်းနဲ့ ဝူဂျိုအာ ဖော်ပြမိခဲ့တဲ့ ဗီဒီယိုတွေဟာလည်း လမ်းမခွဲမီက ရိုက်ကူးခဲ့တာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

ဝူဂျိုအာကလည်း သူ့ရဲ့ အင်စတာဂရမ်ပေါ်မှာ ကန်တနဲ့ပတ်သက်ပြီး သူ့ရဲ့လုပ်ဆောင်မှုအတွက် ကန်တရဲ့ ပရိသတ်တွေကို တောင်းပန်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ ဆွေးနွေးခဲ့ကြပြီးနောက်မှာတော့ လမ်းခွဲဖို့ဆုံးဖြတ်ခဲ့ကြကြောင်းနဲ့ ကန်တရဲ့ပရိသတ်တွေကိုလည်း ဆက်လက်အားပေးကြဖို့ရာ တောင်းဆိုကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။

ကောလာဟလတွေကို ပြန်လည်ရှင်းလင်းပြီးနောက်မှာတော့ ရုပ်သံအစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်တဲ့ အိုဂျန်ယွန်းက သူနဲ့ကန်တတို့ရဲ့ ဇာတ်လမ်းကို အင်စတာဂရမ်စာမျက်နှာပေါ် အရောက်ပို့ခဲ့တာကြောင့် ပရိသတ်တွေ အံ့အားသင့်ခဲ့ရပြန်ပါတယ်။ အိုဂျန်ယွန်းက သူဟာ ကန်တနဲ့ ခြောက်လခန့် ချစ်သူတွေအဖြစ် လက်တွဲခဲ့ဖူးကြောင်း၊ သူနဲ့ လက်တွဲနေစဉ်မှာပင် ကန်တဟာ သစ္စာမရှိဘဲ အခြားသော ချစ်သူရှိနေခဲ့ကြောင်း၊ တစ်နေ့မှာ မော်ဒယ်လ် ဝူဂျိုအာက သူ့ကိုလာရောက်တွေ့ဆုံကာ ကန်တနဲ့ ချစ်သူတွေ ဖြစ်နေကြောင်း ပြောကြားခဲ့ရာကနေ သူနဲ့ ကန်တတို့ လမ်းခွဲခဲ့ကြကြောင်း၊ ငယ်စဉ်ကတည်းက ချစ်ခင်အားပေးခဲ့ရတဲ့ ကြယ်ပွင့်လည်းဖြစ်၊ ချစ်မြတ်နိုးရသူလည်းဖြစ်တဲ့ ကန်တနဲ့ လမ်းခွဲရတဲ့အတွက် အလွန်ကို ထိခိုက်ဝမ်းနည်းခဲ့ရကာ ပြန်လည်ရပ်တည်နိုင်အောင် အတော်လေးကြိုးစားခဲ့ရကြောင်း စာအရှည်ကြီးရေးသားဖော်ပြခဲ့ရာမှာ ထည့်သွင်းဖော်ပြခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ထပ်မံပေါ်ထွက်လာတဲ့ အိုဂျန်ယွန်းနဲ့ပတ်သက်တဲ့ ကန်တရဲ့သတင်းတွေအပေါ် ကာယကံရှင်နဲ့ အေဂျင်စီက လက်ရှိအချိန်အထိ တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်း မရှိသေးပါဘူး။ ကန်တဟာ ဂျပန်နိုင်ငံမှာ ပြုလုပ်သွားမယ့် ထင်ရှားတဲ့ တေးဂီတဖျော်ဖြေပွဲတစ်ခုဖြစ်တဲ့ ယခုနှစ်ရဲ့ “SMTOWN”ဖျော်ဖြေပွဲမှာ ပါဝင်ဖျော်ဖြေတော့မှာ မဟုတ်ကြောင်း ဖျော်ဖြေပွဲကျင်းပရေးအဖွဲ့က လတ်တလောမှာ ထုတ်ပြန်ကြေညာခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှ အဆက်

အခန်း (၃၀)

အထွေထွေ

၁၁၃။(က) ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်းသည့် အထောက်အထားကို အောက်ပါအစီအစဉ်အတိုင်း ဦးစားပေးစိစစ်ရမည် -

(၁) မွေးစာရင်း၊

(၂) ကျောင်းဝင်မှတ်ပုံတင်စာရင်း ကောက်နုတ်ချက် မိတ္တူမှန်၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ပြည်တွင်းတွင် အမြဲတမ်းနေထိုင်သော နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊

(၄) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာဆရာဝန်၏ ဆေးထောက်ခံချက်၊

(၅) အိမ်ထောင်စုစာရင်း၊

(၆) ပုဒ်မခွဲငယ် (၁) မှ (၅) အထိ သတ်မှတ်ထားသော အထောက်အထားများ မရရှိပါက အခြားခိုင်လုံသော အထောက်အထား စာတမ်းအမှတ်အသားတစ်ခုခု။

(ခ) ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်း၍ မွေးဖွားသည့်ခုနှစ်နှင့် လအတွက်သာ ဖော်ပြနိုင်လျှင် မွေးရက်ကို ယင်းလ ၁၆ ရက်နေ့ဟုလည်းကောင်း၊ မွေးဖွားသည့် ခုနှစ်သာ ဖော်ပြနိုင်လျှင် မွေးလနှင့် နေ့ရက်ကို ထိုနှစ်၏ ဇူလိုင်လ ၁ ရက်နေ့ဟုလည်းကောင်း သတ်မှတ်နိုင်သည်။

၁၁၄။ မည်သူမဆို ကလေးသူငယ်ကို မုဒိမ်းမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ရာဇသတ်ကြီးအရ အရေးယူအပြစ်ပေးရမည်။

၁၁၅။ ဤဥပဒေတွင် ကလေးသူငယ်မှုခင်းများကို စုံစမ်းစစ်ဆေးခြင်း၊ ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်း၊ စစ်ဆေးစီရင်ခြင်းနှင့်စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက်မပါရှိလျှင် ရာဇဝတ် ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၁၆။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/ ၉၃) အရ -

(က) လူမှုဝန်ထမ်း ဦးစီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းနှင့် ယာယီစောင့်ရှောက်ရေးဂေဟာတို့သည် ဤဥပဒေအရ တည်ထောင်သော သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းက လူမှုဝန်ထမ်းဦးစီးဌာနတွင် မှတ်ပုံတင်၍ တည်ထောင်ထားသည့် ပရဟိတဂေဟာများသည် မှတ်ပုံတင်သက်တမ်း တည်ရှိနေသည့်ကာလအတွင်း ဤဥပဒေအရ တည်ထောင်ခွင့်ပြုမိန့်ဖြင့် တည်ထောင်သည့် ပရဟိတဂေဟာများဖြစ်သည်ဟု မှတ်ယူရမည်။ ထိုမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်အခါ ဤဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားရယူရမည်။

၁၁၇။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၁၈။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/ ၉၃) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၁၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဤဥပဒေဖြင့်သာ အရေးယူဆောင်ရွက်ရမည်။

၁၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သက်ဆိုင်ရာဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၂၁။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/ ၉၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ပုံ (ဝင်းမြင့်)
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သီပေါ၌ ဗုဒ္ဓသာသနာစွမ်းဆောင်ရည်ဆုရရှိသည့် ဆရာတော်နှစ်ပါးအား ကြိုဆိုပူဇော်

သီပေါ ဩဂုတ် ၃

ထိုင်းနိုင်ငံကချီးမြှင့်သည့် ဗုဒ္ဓသာသနာ (CJA) စွမ်းဆောင်ရည်ဆုနှင့် ဂျပန်နိုင်ငံကချီးမြှင့်သော အပြည်ပြည်ဆိုင်ရာ မဟာလူသား လူမှုစာရိတ္တမြှင့်တင်ရေးဂုဏ်ထူးဆောင် Ph.D ဘွဲ့များရရှိခဲ့သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပေါ်ကြိုဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ MA. (Srilamka) အရှင်သူမြတ်နှင့် ဆရာတော်ဒေါက်တာ စဝ်နွံလှိုင်း (မဟာဓမ္မိကရာမတိုက်-မန္တလေး) အရှင်သူမြတ်တို့နှစ်ပါး ပြန်လည်ကြွရောက်တော်မူလာရာ သီပေါမြို့နယ်သူမြို့နယ်သားများ စည်ကားသိုက်မြိုက်စွာ ကြိုဆိုပူဇော်ပွဲကို ဩဂုတ် ၁ ရက် ညနေ ၅ နာရီက ပေါ်ကြိုဘုရားကြီးကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်သာသနာရေးမှူး ဦးစိုင်းထွန်းအေး၊ ပေါ်ကြိုဘုရားကြီးဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွှန့်၊ မြို့နယ်ဥပတ္တမ္ဘာကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားများက မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ်ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကြိုဆိုအပူဇော်ခံပြီး ပေါ်ကြိုဘုရားကြီးကျောင်းတိုက်သို့ ပင့်ဆောင်ကြသည်။

ဆုရရှိခဲ့သည့်ဆရာတော်များမှာ သီပေါပေါ်ကြိုဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ၊ နမ့်လန်မှ ဘဒ္ဒန္တဉာဏောဘာသ၊ တန့်ယန်းမြို့မှ ဘဒ္ဒန္တသုခမိန္ဒ၊ ရန်ကုန်မြို့မှ ဘဒ္ဒန္တကုဏ္ဍကနှင့် မန္တလေးမြို့မှ ဆရာတော်ဒေါက်တာ စဝ်နွံလှိုင်းဓမ္မသာရတို့ဖြစ်ပြီး လူပုဂ္ဂိုလ်များအနေဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ မန္တလေးမြို့မှ ဦးစိုင်းမောင်ထွန်း၊ သုဓမ္မသိင်္ဂီ ဒေါ်နန်းမြစိန်၊ နန့်စန်မြို့မှ ဒေါ်နန်းစံနွမ်းနှင့် တန့်ယန်းမြို့မှ ဒေါ်နန်းကြည်ကြည်သိန်း စသည့် လူပုဂ္ဂိုလ် ၁၂ ဦးတို့က ရရှိခဲ့ကြောင်း သိရသည်။

စိုင်း (သီပေါ)

မြို့နယ်ဦးစီးဌာနမှူး စွမ်းရည်မြှင့်သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ အမှတ်စဉ် (၁၀) မြို့နယ်ဦးစီးဌာနမှူးလုပ်ငန်းတာဝန်များ စွမ်းရည်မြှင့်သင်တန်းဆင်းပွဲကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ကျင်းပရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွှမ်းကိုက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး (ကျောင်းအုပ်ကြီး)၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ နည်းပြများနှင့် သင်တန်းသား ၄၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

ကိုကြည်

ပုဇွန်တောင်မြို့မရဲစခန်းမှူး ဒုရဲမှူးမင်းဗိုလ်ဦး ဩဂုတ် ၁ ရက်က ပုဇွန်တောင် အထက (၁) ရှေ့၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ တိကျစွာ နားလည်သဘောပေါက်စေရန် အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၂ ရက်က ကျိုင်းတုံမြို့ အထက (ကတ်တောင်)တွင် ကျင်းပရာ ကျိုင်းတုံခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ဇောအောင်က အသိပညာပေးဟောပြောစဉ်။ **ကိုကိုရှုပ**

ဘတ်စ်ကားအပ်နှံပါက လူစီးကားစလစ်ထုတ်ပေးရန် တင်ပြသည့် YBS အစီးရေ ၇၀၀ ကျော်ရှိ

ရန်ကုန် ဩဂုတ် ၃

၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားများကို အထူးကိစ္စရပ်အဖြစ် ယာဉ်အိုယာဉ်ဟောင်းအပ်နှံပါက လူစီးကားစလစ်ထုတ်ပေးရန် တင်ပြသည့် YBS ယာဉ်အစီးရေ ၇၀၀ ကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

အဆိုပါ ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားများကို အထူးကိစ္စရပ်အဖြစ် ယာဉ်အိုယာဉ်ဟောင်းအပ်နှံခွင့်ရရှိရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။

"ဒီအစီးရေ ၇၀၀ ကျော်နဲ့ပတ်သက်လို့ အပ်နှံခွင့်က ဘယ်လိုခွင့်ပြုမလဲဆိုတာ ကျွန်တော်လည်းမသိသေးပါဘူး၊ ဒါကြောင့် ကျွန်တော်တို့ဘက်ကတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို YBS ထဲမှာရှိနေတဲ့ ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ကားအစီးရေဘယ်လောက်ရှိတယ်ဆိုတာ ပေးပြီးပါပြီ၊ အဲဒီအတွက်လည်း က-ည-နက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ပြန်လည်တင်ပြပြီး ဖြစ်ပါတယ်၊ မကြာခင်မှာ အဲဒီဆုံးဖြတ်ချက်သိမှာပါ"ဟု ဦးလှအောင်က ပြောသည်။

"ပြည်ထောင်စုအစိုးရက ယာဉ်အိုယာဉ်ဟောင်းအပ်နှံခြင်းစနစ်က ၂၀၁၁ ခုနှစ်မှာစပါတယ်၊ အဲဒီတော့ ၁၉၉၅ ခုနှစ်ကနေပြီး တဖြည်းဖြည်းတက်လာတာ အခု ၁၉၉၉ ခုနှစ်ကားတွေ အပ်ခွင့်ရတယ်၊ အဲဒီတော့ ၁၉၉၉ ခုနှစ်ကားဆိုရင် မူအရ ဘတ်စ်ကားအပ်ပြီး ဘတ်စ်ကားထုတ်ချင်ရင် လက်ခံတယ်" ဟုဎင်းက ဆက်လက်ပြောကြားသည်။

သို့ဖြစ်၍ လက်ရှိ YBS ယာဉ်ထဲတွင် စက်စွမ်းအားကျခြင်း၊ အဲကွန်းမနိုင်ခြင်းတို့ကြောင့် ပြင်၍မရတော့သည့် ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားများကို အထူးကိစ္စရပ်အဖြစ် ယာဉ်အိုယာဉ်ဟောင်းအပ်နှံပါက လူစီးကားစလစ်ထုတ်ပေးရန် တင်ပြခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ထံမှ သိရသည်။

ငြိမ်းငြိမ်း

WE Tour ဘုရားဖူး အပန်းဖြေ
* ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး Hotel တည်းခိုစရိတ်ငြိမ်း 70000/-
* ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး ကားခ သီးသန့် 35000/-
* ဇင်းကျိုက်ရေတံခွန်၊ သထုံ၊ ကျောက်ထီးရဟန္တာ 25000/-
ကျိုက်ထီးရိုး (တောင်ခြေ၄ နာရီနား အခမဲ့/အခန်း) 10000/-
သြဂုတ် ၁၆ သောကြာ 09-696336373, 09-95 80 120 80

မြခပိုသာ ရွှေတောင်ပြိုနှင့်ခရီးစဉ်အမျိုးမျိုး
ရွှေတောင်ပြို၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ကျောက်စိမ်းစေတီတော် (45000)
ရွှေတောင်ပြို၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ပုပ္ပါး၊ ပုဂံ (80000)
ရွှေတောင်ပြို၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (85000)
ကျိုက်(၅)ကျိုက်၊ ပြည့်(၅)ပြည့်၊ လိုဏ်ဂူ(၅)ဂူ သော ကြာ အပါတ်စဉ် ခရီးစဉ်အမျိုးမျိုး ကားစင်းလုံးငှားမိမိတို့စိတ်တိုင်းကျ ပို့ဆောင်ပေးပါသည်။
09429323965, 09425334456, 09250233599

ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ဆွဲလဲအိုကျေးရွာနေ မောင်ရဲဝင့်နိုင်[၅/မမန (နိုင်)၁၁၈၇၉၀]၏ နိုင်ငံကူးလက်မှတ် (MD-၉၂၂၉၆၄)မှာ ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **မောင်ရဲဝင့်နိုင်**
ဖုန်း-၀၉-၇၉၄၅၅၆၆၄၈

ဝါးသည် မြက်မျိုးရင်းပင်ဖြစ်သည်။ ဝါးပင်မှ ဖြစ်သော မျှစ်ကို စားသုံးနိုင်ပြီး နှစ်စဉ် မျှစ်ထွက်ရှိသည်။ ယင်းမျှစ်သည် အာဟာရဓာတ်ပြည့်စုံပြီး လူတို့ စားသုံးကြသည်။ သို့ဖြစ်၍ စားသုံးသီးနှံဟုလည်း ခေါ်ဆိုနိုင်ပါသည်။ ဝါးမှ လူတို့အသုံးပြုနိုင်သော သစ်ကို ရရှိနိုင်သဖြင့် သစ်ပင်ဟုလည်း ခေါ်ဆိုနိုင်ပါသည်။ သို့သော် နိုင်ငံအများအပြားတွင် ဝါးကို စိုက်ပျိုးသီးနှံပင်ဟုလည်းကောင်း၊ သစ်တော သစ်ပင်ဟုလည်းကောင်း အသိအမှတ်မပြုကြပါ။

အမှန်တကယ်တွင်မူ ဝါးစိုက်ခြင်းသည်ပင်လျှင် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းပင်ဖြစ်သည်။



ရတနာတင့်စာပေတိုက်မှ တစ်နိုင်ငံလုံး ဖြန့်ချိပါသည်။ တန်ဖိုး - ၅၀၀၀ိ
ဆက်သွယ်ရန်ဖုန်း - ၀၉-၂၀၀ ၂၄၄၇၊ ၀၉-၇၃၀၃၈၈၇၀၊ ၀၉-၉၇၉၇၃၅၇၆၇၊ ၀၉-၇၉၆၃၇၄၉၀၅

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

မိုးကုတ်ဝိပဿနာပြန့်ပွားရေး
"ဝါတွင်း တရားစခန်းပွဲ"

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး နှင့် ကျေးဇူးတော်ရှင် မုံလယ်တောရ ဆရာတော်ဘုရားကြီး တို့၏ ဥပနိဿယအတိုင်း ဝါတွင်း ပထမအပါတ် တရားစခန်းပွဲကို (8.8.2019 မှ 15.8.2019) ထိ ဒုတိယအပါတ် (6.9.2019 မှ 13.9.2019) ထိ တတိယအပါတ် (6.10.2019 မှ 13.10.2019) ထိ (၇)ရက် တရား စခန်းပွဲများကို **"ရှုထက်ထာဝတီ ထရွှာန်းချောင်း"** ဝိဇ္ဇာလမ်း (နာရီစင်အနီး) အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့တွင် ကျင်းပ ပြုလုပ်သွားမည် ဖြစ်ပါကြောင်း တရားချစ်ခင် ယောဂီ သူတော် ကောင်းတို့အား နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော် တိုက်တွန်း အသိပေး အပ်ပါသည်။

အဝင်နေ့ ➤ (8.8.2019)နေ့ ညနေ အရောက်လာရမည် ဖြစ်ပါသည်။ (ဆွမ်းစာရိတ် ပေးသွင်းစရာမလိုပါ။)
ဖုန်း . . 09-428 120 352, 09-420 301 845,
09-251 064 103 သို့ ဆက်သွယ်နိုင်ပါသည်. . ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၃/စက်မှုဇုန်၊ မြေကွက်အမှတ်-၈၃၉၊ မြေကွက်တည်နေရာအမှတ်-၈၃၉၊ ပန်းခြံလမ်းသွယ်၊ ၆၃/စက်မှုဇုန်၊ ဒဂုံတောင် ဦးမြင့်သိန်း (KTDA-၀၀၁၃၂၄)[၁၂/တမန(နိုင်)၀၉၇၀၆၂] အမည်ပေါက် နှစ်(၈၀)ဂရန်မြေအား နှစ်(၈၀)ဂရန် အမည်ပေါက် ဦးမြင့်သိန်း (KTDA-၀၀၁၃၂၄)[၁၂/တမန(နိုင်)၀၉၇၀၆၂]ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၅၀၆/၂၀၁၁၊ ၇-၇-၂၀၁၁ ဖြင့် အထူးကိုယ်စားလှယ်ရုံးစာရရှိသူ ဦးကျော်ဦး [၁၂/ပဘတ(နိုင်)၀၀၂၂၈၆]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း၊ အမည်ပေါက် ဦးမြင့်သိန်း (KTDA-၀၀၁၃၂၄)နှင့်[၁၂/တမန(နိုင်)၀၉၇၀၆၂]မှာ ဦးမြင့်သိန်းတစ်ဦးတည်းဖြစ်ကြောင်း ဒဂုံမြို့နယ်တရားရုံး ကျမ်းသစ္စာပေးသူအရာရှိ၏ ကျမ်းကိုန်လွှာအမှတ် ၂၀၀၅/၁၉၊ ၃-၇-၂၀၁၉ မြေစာရင်းမှတ်ချက်ရှိ ၂၀၀၀၊ ၂၀၀၁၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၁၁ ဘဏ်ချေးမှတ်ချက်နှင့် ၂၀၁၁ ခုနှစ်အရောင်းမြေပုံကူးယူခဲ့ကြောင်း မှတ်ချက်အား ဒဂုံမြို့နယ် တရားရုံးကျမ်းသစ္စာပေးသူအရာရှိ၏ ကျမ်းကိုန်လွှာအမှတ်-၂၀၀၄/၁၉ ၃-၇-၂၀၁၉ ဖြင့် ဘဏ်ချေးငွေများအကျေပေးဆပ်ပြီးကြောင်းနှင့် ဂရန်မူရင်း လက်ဝယ်ရှိကြောင်း ကျမ်းကိုန်လွှာ၊ ဂရန်မူရင်း၊ အမှတ်(၂)စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၏ ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်တင်ပြ၍ အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆ B2၊ မြေကွက်အမှတ် V-၁၁၀၊ မြေကွက်တည်နေရာ-အမှတ် (၈၈)၊ ဦးကြွယ်ဟိုးလမ်း၊ မကျည်းတန်းတောင်အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ (ဦးတင်လှ၊ဒေါ်လှရင်) အမည်ပေါက်နှစ် (၆၀)မြေငှားဂရန်မြေအား ဦးတင်လှ (ဖခင်)၊ (မိခင်) ဒေါ်လှရင်နှင့် ဦးစိုးမြင့် (ညီ)ကွယ်လွန်သဖြင့် ဦးဝင်းမြင့် [၁၂/ကမတ(နိုင်)၀၃၁၆၃၄]မှ အမည်ပေါက်၏ တစ်ဦးတည်းသော သားတော်စပ်ကြောင်း ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၅၇၀၁၊ (၂၉-၄-၂၀၁၉) အရ ပိုင်ဆိုင်သူဖြစ်ကြောင်း တင်ပြ၍ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ ၂၂-၅-၂၀၁၉ ရက်စွဲပါ ကျမ်းကိုန်လွှာအမှတ်-၅/၂၀၄၇၊ ဌာနဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိပ်မက်အသစ် ☎ - ၀၉၇၉၈၁၇၃၄၇၇
မြန်မာ၊ တရုတ်၊ ထိုင်း၊ ရွှေတြိဂံနယ်မြေ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်း၊ လွိုင်ကြင်နယ်စပ်မြို့လေး၏ ဘဝသရုပ်ဖော် ဝတ္ထုများ
သက္ကရာဇ်များကိုပွေ့ဖက်ခြင်း
သျှင်အံ့
ဒုတိယကမ္ဘာစစ်မှတ်တမ်း
သန်းဝင်းလှိုင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ သံဒင်း(၄၆)ရပ်ကွက်၊ မြေကွက်အမှတ် (၉၀၉)၊ ဧရိယာအကျယ်အဝန်း ပေ (၂၀×၆၀)ရှိသော မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဒေါ်သီသီဖြူ[၅/အရတ(နိုင်)၀၅၆၁၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်စုရည်လင်း(အထက်တန်းရှေ့နေ)
LL.B,LL.M(စဉ်-၂၅၃၇၄)
အမှတ်(၇၀)၊ သုနန္ဒာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၄၂၀၇၅၇

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁)၊ ကနောင်လမ်း၊ မြေကွက်အမှတ် (၂၅၉/က)၊ မြေအကျယ်အဝန်းပေ (၂၀×၆၀)(၁၂၀၀)စတုရန်းပေရှိ ဦးပါအမည်ပေါက်(ပါမစ်)မြေအပါအဝင် ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား နေထိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှလှဝင်း [၁၂/လသယ(နိုင်)၀၁၁၉၀၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဝင်းနိုင်(LL.B,D.B.L,D.I.T)	**ဒေါ်မိမိထိုက်(LL.B)**
(စဉ်-၃၆၆၁၂)	**(စဉ်-၃၅၀၃၂)**

အထက်တန်းရှေ့နေများ
အမှတ်(၁၂၇၁/ခ)၊ ရမည်းသင်းလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၃၀၇၄၉၊ ၀၉-၄၅၁၁၆၉၉၇၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆၂)၊ မြေကွက်အမှတ်(V၄၀)၊ ဧရိယာ(၀.၀၄၅)ဧက [illegible]

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဘင်္ဂန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် -

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀+၂၁(ဝေဇယန္တာအိမ်ရာ)၊ မြေကွက်အမှတ်-၃၊ မြေကွက်တည်နေရာ အမှတ်-၆၀/B၊ ဝေဇယန္တာလမ်း၊ ဇ/ တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးသန်းကျော်[၁၂/ဗတထ(နိုင်)၀၃၆၇၃၅] နှင့် ဒေါ်နုနုရီ(ခ)ဒေါ်နွယ်မာ [၁၂/ဗတထ(နိုင်)၀၀၇၁၅၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးကျော်မျိုးထွန်း[၁၂/ဗတထ(နိုင်)၀၃၁၆၂၂]၊ ဦးတိုးလွင်[၁၂/ဗတထ(နိုင်)၀၂၄၂၀၁]၊ ဦးအောင်ကျော်လင်း [၁၂/ဗတထ(နိုင်)၀၀၀၆၁၄]တို့က (ဖခင်)ဦးသန်းကျော်သည် ၇-၅-၂၀၁၇ရက်တွင်လည်းကောင်း၊ မိခင် ဒေါ်နုနုရီ(ခ)ဒေါ်နွယ်မာသည် ၁၈-၅-၂၀၁၄ရက်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့ကြပြီး သား(၃)ဦးသာမွေးဖွားခဲ့ကြောင်း၊ ၎င်းတို့မှအပ အခြားအမွေစားအမွေခံသားသမီး တစ်ဦးတစ်ယောက်မျှမရှိကြောင်း သား(၃)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ ကျမ်းကိုန်အမှတ်စဉ်-၈/၂၄၁၀ (၁၁-၈-၂၀၁၈)ရက်စွဲပါ သားများတော်စပ်ကြောင်း ကျမ်းကိုန်လွှာ၊ ထောက်ခံကျမ်းကိုန်လွှာ (၂)စောင်၊ သေစာရင်းများ၊ ဂရန်မူရင်း၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် မြေပြင်ကွင်းဆင်းစစ်ဆေးရာ၌ (၂)ထပ်တိုက်(၁)လုံးရှိပြီး လျှောက်ထားသူ(၂)ဦး နေထိုင်ပါသဖြင့် အဆိုပါလျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်မေခင်[၉/ပမန(နိုင်)၀၄၁၈၈၂]၊ မောင်ညီလင်းထက်[၁၂/မဂတ(နိုင်)၀၉၅၅၃၃]၊ မောင်သော်ဇင်လတ်[၁၂/သဃက(နိုင်)၁၈၀၅၉၇]တို့၏ ၁-၈-၂၀၁၉ရက် သတင်းစာကြော်ငြာအား ကန့်ကွက်ရှင်းလင်းကြေညာချက်

ဦးညီညီလွင်[၁၂/သဃက(နိုင်)၁၂၄၈၂၄]၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးညီညီလွင်သည် ဇနီးဒေါ်မေခင်အား မြန်မာနိုင်ငံတော်တရားဥပဒေများဆိုင်ရာ အက်ဥပဒေပြဋ္ဌာန်းချက်ပါ အစ္စလာမ်ဘာသာဝင်များအကြား အစ္စလာမ်ရှရီအာတရားတော်နှင့်အညီ အပြီးအပိုင်တရားဝင်ကွာရှင်းပြတ်စဲခဲ့ပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲကြောင်းစာကို ဥပဒေနှင့်အညီ ပေးပို့ခဲ့သည်ကို ဒေါ်မေခင်လက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။

ဦးညီညီလွင်သည် မည်သည့်လူမှုရေး၊ စီးပွားရေးအရှုပ်အရှင်းမှုမရှိခဲ့ပါ။ ဦးညီညီလွင်သည် စက်မှုလက်မှုလုပ်ငန်း လိုင်စင်အမည်ပေါက် လုပ်ငန်းလုပ်ကိုင်ခဲ့ပြီး၊ အမြတ်ခွန်မှ အစ အရပ်ရပ်အခွန်အခများကို ကိုယ်တိုင် ပေးချေလုပ်ကိုင်ခဲ့သော လုပ်ငန်းကိစ္စအဝဝကို ဦးစီးဦးဆောင်ခဲ့သူ လုပ်ငန်းရှင်တစ်ဦးဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတို့၏ သဘာဝအတိုင်း ကြွေးမြီတင်ရှိခြင်းမှာ ရိုးရှင်းသောဖြစ်စဉ်ဟုသာရှင်းလင်းလိုပါသည်။ လုပ်ငန်းကြွေးမြီကိစ္စမှာ ပြဿနာကြီးတစ်ခုဟု ယိုးစွပ်ရေးသားရန်မလိုအပ်ပါ။

လုပ်ငန်းဆိုင်ရာကြွေးမြီများကို ဦးညီညီလွင်လက်ရှိမြေ၊ အဆောက်အအုံအတွင်းရှိ လုပ်ငန်းသုံးပစ္စည်းများကို ငှားရမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း စသည်ဖြင့် သင့်လျော်သလို ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းသိစေအပ်ပါသည်။

သား(၂)ဦးဖြစ်သော ညီလင်းထက်နှင့် သော်ဇင်လတ်တို့အား လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုတာဝန်တစ်စုံတစ်ရာမျှ ပေးအပ်ခဲ့ခြင်းမရှိခဲ့ပါ။ ဦးညီညီလွင်တစ်ဦးတည်းကိုယ်တိုင်ကိုယ်ကျ အမည်ပေါက်ဦးစီးစီမံအုပ်ချုပ်ခဲ့သော လုပ်ငန်းဖြစ်ကြောင်း ရှင်းလင်းသိစေအပ်ပါသည်။

ဦးညီညီလွင်သည် ဒေါ်မေခင်၏ပြုမူမှု၊ ရက်စက်မှု၊ ဇနီးမယားအဖြစ် သည်းခံခွင့်လွှတ်၊ ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့သည့် အခြေအနေများကြောင့် အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် အိမ်ပေါ်မှဆင်းလာရသူဖြစ်ပါသည်။ ထိုကိစ္စအပေါ် စီရင်ပိုင်ခွင့် အာဏာရှိ တရားရုံးတော်တွင် တရားစွဲဆိုရန် အမြန်ဆုံးစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဦးညီညီလွင်မှာ ကျပ်သိန်း(၂၀၀၀)ခန့်တန်ဖိုးရှိ ငွေနှင့်ပစ္စည်းများကို လုံးဝ(လုံးဝ) ယူဆောင်ခဲ့ခြင်းမရှိပါ။ သတင်းစာကြော်ငြာအပိုဒ်(၃)ပါ "သင်္ဃန်းကျွန်းမြို့နယ်၊ ဘုရားလမ်းမှတ်တိုင်အနီးရှိ ရပ်ကွက်တွင် တိုက်ခန်း(၃) ခန်းဝယ်ယူပြီး တရားဝင်မဟုတ်သောအမျိုးသမီးအား အဆိုပါတိုက်ခန်းများနှင့် ရွှေငွေလက်ဝတ်ရတနာများ ပေးအပ်ထားကြောင်း အထောက်အထား"ဟူသောရေးသား၊ ဖော်ပြချက်မှာ လုံးဝမဟုတ်မမှန်၊ အခြေအမြစ်မရှိသော စွပ်စွဲကြေညာချက်များသာဖြစ်ပါသည်။ လုံးဝမဟုတ်မမှန်သောစွပ်စွဲချက်များကို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ရုပ်သိမ်းပေးရန်နှင့် ထိုသို့ရုပ်သိမ်းခြင်းမပြုပါက အသရေဖျက်မှုအပါအဝင် နိုင်ငံတော်၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း ဒေါ်မေခင်နှင့်အများသိစေရန် ထပ်လောင်းရှင်းလင်းကြေညာလိုက်ပါသည်။

ဦးညီညီလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ငြိမ်း(ဖောင်တော်သီ)(စဉ်-၂၃၀၂)	**ဒေါ်ခင်မေသန်း(စဉ်-၃၂၂၈)**
B.A(Law),LL.B,D.B.L,D.M.L	**LL.B,D.B.L,D.M.L,D.I.L**
Ph:09-5108521	**Ph:09-5015316**

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၆၂(ပထပ်)၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁)တိုးချဲ့၊ မြေကွက်အမှတ်(၅၈၇) [illegible]
(Assessment Roll) [illegible]
အသိပေးကြေညာအပ်ပါသည်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၇-အလယ်ပိုင်း)၊ ဦးပိုင်အမှတ်(၁၁၂)၊ ဧရိယာ(၀.၀၃၄)ဧကရှိမြေအား မအူပင်ခရိုင်၊ ဓနုဖြူမြို့ အမှတ်(၅)ရပ်ကွက်၊ ခင်မကန်ကျောင်းလမ်းနေ ဦးမောင်မောင်[၁၄/ဓနဖ(နိုင်)၀၀၇၇၁၄]မှ မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်းရရှိရေးအတွက် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ၎င်းမြေနေရာသည် ဦးတင်လှိုင်ပါ (၂) ဦးအမည်ဖြင့် (၂၀-၆-၁၉၆၀)မှ (၁၉-၆-၁၉၇၀)အထိ (၁၀)နှစ်မြေငှားဂရန်ရရှိထားပြီး ဦးတင်လှိုင်မှာ (၁၉၆၅)တွင်လည်းကောင်း၊ ဒေါ်ခင်တင့်မှာ (၁၉၇၈) ခုနှစ်တွင်လည်းကောင်း၊ ကွယ်လွန်သွားကြပြီး ၎င်းတို့၏သားသမီး (၅)ဦးထံမှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်၊ (၄၁/၂၀၀၇)ဖြင့် ဂရန်မြေနှင့်မြေပေါ်ရှိ အဆောက်အအုံများအား၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုထားခြင်း၊ ဦးမောင်မောင်မှ ကျမ်းကိုန်ဆိုထားခြင်း၊ ၎င်းမြေငှားဂရန်မှာ ပျောက်ဆုံးသွားပါ၍ ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ကြောင်း ကြေးမုံသတင်းစာ၌ ၁၄-၅-၂၀၁၉ ရက်တွင် ကြော်ငြာခဲ့ရာ ကန့်ကွက်မှုမရှိခြင်းစသည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မြေငှားဂရန် သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ကော်လိတ်တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မအူပင်မြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ စကားဝါပင်လမ်း၊ တိုက်အမှတ်(၁၁၁)၊ (၁)ခန်းတည်း RC (၆)ထပ်တိုက်၏ (၅လွှာ) အခန်း၊ ဧရိယာ(၉၀၃)စတုရန်းပေ နှစ်(၆၀)မြေငှားဂရန်မြေပေါ်ရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ROYAL AMM CONSTRUCTION & DECORATION GROUP CO.,LTD ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးကျော်မင်းထွဋ်[၁၂/သဃက(နိုင်)၁၄၄၇၉၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးကျော်မင်းထွဋ်၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းမင်းစိုး	**ဒေါ်သူဇာကျော်**	**ဒေါ်ဝေဖြိုးအောင်**
LL.B,WIPO(Switzerland)	**LL.B,D.B.L,D.I.L,WIPO(Switzerland)**	**LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	**အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)**	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
Ph:01-246869,09-450023651	**Ph:09-254508917**	**Ph:09-421157856**

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂) HAGL Myanmar Center Tower အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

"စိုင်းခွန်နောင်" ကုမ္ပဏီ
အိမ်ခြံမြေအကျိုးဆောင်ဦးစီးဌာနဆောင်ရွက်မှု
ဝယ်/ငှား ဆန္ဒရှိသောနေရာကောင်းများ (ပွဲခမယူ)
01-233 1172~4
01-8603565~7
09 4430 29696
09 250 373716
09 4431 65656

- ကမ္ဘာ့အေးဘုရားလမ်းသွယ်၊ဘိုးသွား (6316sqft)1RC 16500L
- လှိုင်၊ပါရမီResidence ဂရန် (72'×75') 1RC 16000L
- ဗဟန်း၊ဓမ္မာရုံလမ်း၊ ဂရန် (10018sqft)မြေ 15000L
- မရမ်းကုန်း၊အေဝမ်းလမ်း၊ဂရန် (53'×100') မြေ 8900L
- တ/ဥ၊ငွေကြာရုံရိပ်သာ၊ဂရန် (60'×80') 2RC 8500L
- ငါးထပ်ကြီးဘုရားလမ်း၊ ဘိုးသွား (50'×80') 1RC 7000L
- စမ်းချောင်းရွှေတော်ဝင်အနီး၊ ဂရန် (45'×57') 3RC 6500L
- အောင်ရတနာဆေးရုံနီး၊ ဂရန် (40'×60') မြေ 3500L
- (၇)မိုင်၊ပြည်လမ်းမ (100'×300')2RC $20000
- လှိုင်၊ကန်လမ်း (100'×150') မြေ 120L
- မ/ဥ၊သုဓမ္မာလမ်းမ (100'×135') မြေ 70L
- လှိုင်၊ပါရမီလမ်းမ (80'×100')2RC 50L
- ရတနာကျောက်ကုန်း (60'×60') 1RC 33L
- မ/ဒဂုံ၊ပင်လုံလမ်းမ (55'×100') မြေ 30L
- တ/ဥ၊ပါရမီလမ်းမ (20'×60') 3½RC 21L

အခြားအိမ်ခြံမြေနှင့်ပတ်သက်သောအချက်အလက်များအား သိရှိလိုပါက Facebook၊ www.saikhungnoung.com တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ရွှေလမ်းညွန်
[illegible]
ရွှေတောင်ပြို့၊ မန္တလေး စစ်ကိုင်း၊ မင်းကွန်း ပြင်ဦးလွင် (၄)ရက် ခရီးစဉ် ကျသင့်ငွေ 48000 9.8.19
ဘားအံ(၄)ရက် ကျောက်ကလပ်၊ မြဝတီ၊ မဲဆောက် (၄)ရက် ခရီးစဉ် ကျသင့်ငွေ 50000 23.8.19
09-425911117, 09-420087371

ကြယ်စင်ကောင်းကင် ခရီးသွားလုပ်ငန်း
ရွှေတောင်ပြိုးပွဲတော်သို့ (၉-၈-၂၀၁၉)နေ့ထွက်မည်
▲ ရွှေတောင်ပြို့၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည် (၄)ရက်။
▲ ရွှေတောင်ပြို့၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို (၆)ရက်။
▲ ရွှေတောင်ပြို့၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ မွေတော်ကက္ကူ၊ ထမ်စမ်းလိုဏ်ဂူ (၇)ရက်။
ကယားပြည်နယ် - လွိုင်ကော်၊ ထီးစဲခါးရေတံခွန် ပါ(၈)ရက်။
▲ ရွှေတောင်ပြို့၊ မန္တလေး၊ ပြင်ဦးလွင်၊ သီပေါ၊ လားရှိုး၊ မူဆယ်၊ ရွှေလီ(မုန်းတိုးဘား) (၈)ရက်
အာဇာနည်မင်းခေါင်းပွဲတော်သို့ (၁၃-၉-၂၀၁၉)ထွက်မည်။ ကြိုတင်စာရင်းပေး
[illegible] 09-429254898, 09-777799654

ကိုကျော်နိုင်
CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အမ်စာတုံး)
ကားအမျိုးမျိုးကို ငှားရမ်းပေးပါသည်။
09 25 358 2510
09 515 8803
https://www.facebook.com/kyawpanda

ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ မူးဒူးကျေးရွာအုပ်စု၊ မူးဒူးကျေးရွာနေ အထက(၃)၊ ထားဝယ်၊ ဒသမတန်းမှ မဗင်မာအေး၏ဖခင် ဦးထွန်းရွှေ၏ အမည်မှန်မှာ ဦးထွန်းမြင့်[၆/ရဖန(နိုင်)၀၂၇၃၂၂]ဖြစ်ပါသည်။

ဦးထွန်းမြင့်

ဖခင်အမည်မှန်

မအူပင်မြို့ အထက(၁)ဒသမတန်း(D)မှ မောင်မင်းခန့်ဦး၏ ဖခင်အမည်မှန်မှာ ဦးရိုတ်ဒါဝတ်[၁၄/မအပ(နိုင်)၁၅၅၁၁၆]ဖြစ်ပါသည်။

ဦးရိုတ်ဒါဝတ်[၁၄/မအပ(နိုင်)၁၅၅၁၁၆]

မိဘအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အထက-အလမျိုး အဌမတန်း(A)မှ မောင်အောင်ကျော်ထက်၏ မိဘနစ်ပါးအမည်မှန်မှာ ဦးစန်းဝင်း [၁၄/ဓနဖ(နိုင်)၁၁၂၀၇၈]နှင့် ဒေါ်သင်းသင်းမြတ်[၁၄/ဓနဖ(နိုင်)၁၉၃၅၄၁] ဖြစ်ပါကြောင်း။

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၅-၂၀၁၉ရက်စွဲပါ ကြေးမုံသတင်းစာပါ စာမျက်နှာ (၂၁) ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာပါ အမှတ်စဉ်(၄)တွင် အိမ်အမှတ်(၃)အား (၇)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပေါင်မြို့နယ်အသင်း (ရန်ကုန်)
ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

ပေါင်မြို့နယ်အသင်း (ရန်ကုန်)၏ ရန်ကုန်တွင် သီတင်းသုံးနေထိုင်ကြကုန်သော ပေါင်မြို့နယ်ဖွား သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များအားလုံးနှင့် ရန်ကုန်ရောက် ပေါင်မြို့နယ်သားများအားလုံးအား ကြွရောက်ပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၈-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် (၉း၀၀) နာရီ
ကျင်းပမည့်နေရာ - မွန်ပိဋကတ်တိုက် (မွန်ဓမ္မာရုံ)၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်။

ပေါင်မြို့နယ်အသင်း (ရန်ကုန်)
အလုပ်အမှုဆောင်အဖွဲ့

မွေးနေ့ဆုမွန်လွှာ

တစ်ဦးတည်းသော အချစ်ဆုံးသားလေး မောင်ဟိန်းဇေယျာထွန်း(ကိုဟိန်း)၏ ၄-၈-၂၀၁၉ရက်၌ ကျရောက်သော (၁၉)နှစ်မြောက် မွေးနေ့မှသည် နှစ်တစ်ရာတိုင်ချစ်သော ဖေကြီး၊ မေကြီး မိသားစုများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေ။ ရည်မှန်းချက်ပန်းတိုင်ကို ရယူပိုင်ဆိုင်နိုင်ပါစေ။ ဖေကြီး၊ မေကြီးတို့အပေါ် ကျေးဇူးသိတတ် လိမ္မာသော သားကောင်းရတနာလေး ဖြစ်ပါစေကြောင်းဆုမွန်တောင်းလျက်...

ချစ်ဆုံး ဖေကြီးနှင့်မေကြီး
ဗိုလ်မှူးချုပ် ထွန်းထွန်း-ဒေါ်ပွင့်ပွင့်မျိုး

PANDA Engineering Group
Since 1999
e-mail: knw@pandaaircon.com
KNW
➤ Air-Con မျိုးစုံ ရောင်းချ၊ တပ်ဆင်၊ ဆေးကြော၊ ပြုပြင်ပေးခြင်း။
➤ Air-Con အဟောင်းများကို အသစ်ဖြင့်လဲလှယ်တပ်ဆင်ပေးခြင်း။
➤ ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များ ပြုပြင်ပေးပါသည်။
မိုးရာသီအထူး PROMOTION: A.C Servicing 1 & 1.5 H.P
အပြီးအစီးဈေးနှုန်း -15,000 Ks (R22); 20,000 Ks(R410)
(1) 09 515 8803, 09 732 29024
(2) 09 69 5198402, 09 253 833810

ရွှေအောင်မြေစေတနာ
အကျိုးဆောင်ကုမ္ပဏီမှ ရောင်း/ငှါးမည်

- ကမာရွတ်၊(၅)မိုင်၊ပြည်လမ်းမပေါ်(110×160) မြေ (1-Sqft) 5.L
- သာကေတ၊ရွှေခင်းသာလမ်းမပေါ် (95×100) မြေ 15800.L
- မ/ဒဂုံ၊ပင်လုံလမ်းမပေါ် (120×120) မြေ 12500.L
- သင်္ဃန်းကျွန်း၊သုဝဏ္ဏ VIP,M-3,B-1 (85×110) 2RC 5500.L
- လှိုင်၊ဗဟိုလမ်းမအနီး (65×100) မြေ 3900.L
- မြောက်ဥက္ကလာ၊သုဓမ္မာလမ်းမပေါ် (30×60) မြေ 2900.L
- မ/ဥ၊ဆေးတက္ကသိုလ်(၂)အနီး -VIP (110×70) မြေ 2400.L
- သင်္ဃန်းကျွန်း၊သုဝဏ္ဏ-ဗိုလ်ချုပ်ရွာ (40×60) မြေ 2300.L
- အလုံ၊ Orchid Condo, M-3, F.F (မွမ်းမံ) (2050-Sqft) 2600.L
- ရန်ကင်း၊ရွှေမိုးကောင်းကွန်ဒို, M-1,B-2 (မွမ်းမံ) (1700-Sqft) 2200.L
- စ/ခ၊ ဦးဝိစာရလမ်းမနီးကွန်ဒို, M-1,B-2 (မွမ်းမံ) (1500-Sqft) 1800.L
- ရတနာကျောက်ကုန်းကွန်ဒိုသစ်, M-1,B-2 (မွမ်းမံ) (1800-Sqft) 1800.L
- ဗဟန်း၊ပုလဲကွန်ဒို, M-2 (မွမ်းမံ) (1250-Sqft) 1400.L
- ဗိုလ်တထောင်၊ Time Square Condo, B-2 (650-Sqft) 690.L
- ဗဟန်း၊ရွှေသံလွင်ကွန်ဒို, M-2,B-1 (မွမ်းမံ) (3600-Sqft) 21.L
- လှိုင်၊(၆)မိုင်၊ရွှေဟင်္သာကွန်ဒို, M-2,B-1 (မွမ်းမံ) (1700-Sqft) 14.L

FB-Page ▸ Aung Myay Saytanar Realestate Co.,Ltd
09-5080073, 09-422 8888 53, 09-422 8888 52
09-422 8888 92, 09-422 8888 93, 09-422 8888 94

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခုတင်(၁၀၀)နှင့်အောက် ဆေးရုံများအတွက် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင်(FDA)အသိအမှတ်ပြု ဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းနှင့် ဓာတ်မှန်ဆိုင်ရာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် အချက်အလက်များစာရင်းကို သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာန (သစ္စာလမ်း)တွင် လူကိုယ်တိုင်လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစတင်ခေါ်ယူမည့်ရက် - ၁-၈-၂၀၁၉ရက်(ကြာသပတေးနေ့)
တင်ဒါပိတ်မည့်ရက်/အချိန် - ၃၀-၈-၂၀၁၉ရက်(သောကြာနေ့)၊ ညနေ(၃)နာရီ

တင်ဒါကော်မတီ
ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာန
ဖုန်း-၀၄၂-၂၂၁၉၂၊ ၀၄၂-၂၃၁၉၂

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ခွင့်ပြုသာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများအတွက် အသုံးပြုရန်လိုအပ်သော FDAအသိအမှတ်ပြု ဆေးဝါးများအား မြန်မာကျပ်ငွေဖြင့် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ဆိုဝယ်ယူမည် ဖြစ်ပါသဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၁-၈-၂၀၁၉ရက်
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၁-၈-၂၀၁၉ရက်(ညနေ၃နာရီ)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါ လိပ်စာအတိုင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန
သစ္စာလမ်း၊ ပုသိမ်မြို့။ ဖုန်း-၀၄၂-၂၄၉၃၁၊ ၂၁၁၄၂

အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ လသာလမ်း၊ အမှတ်(၁၅၇)ဟုခေါ်တွင်သည့် အဆောက်အအုံရှိ ယခင်ဟောင်ကောင်(၂-လွှာ)ပထမထပ်၏ ထပ်ခိုး[မြေညီထပ်မှရေတွက်သော် စတုတ္ထထပ်(၄-လွှာ)] တိုက်ခန်းနှင့်ပတ်သက်၍ မူလနေထိုင်သူ ဦးပေါ်ထွန်း(ပီဂျီယူ-၂၁၂၇၈၁)မှ ဒေါ်သောင်းမြင့်[၁၂/လသန(နိုင်)၀၀၇၀၄၅]ထံသို့ ၂၅-၅-၂၀၁၃ရက်တွင် လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သောင်းမြင့်ထံမှ အမွေဆက်ခံခွင့်ရှိသူ လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဆွေဆွေသင်း [၇/ဝမန(နိုင်)၁၄၄၈၃၉]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေတို့မှ အရောင်းအဝယ်ပြုလုပ်ရန် ညှိနှိုင်းသဘောတူခဲ့ကြပြီးဖြစ်သောကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ မူလအဆောက်အအုံဆောက်လုပ်ခဲ့သော မြေပိုင်ရှင် ဖြစ်သူ တက်လမ်းကုမ္ပဏီထံတွင် အရောင်းအဝယ်ကိစ္စနှင့် တိုက်ခန်းအမည်ပြောင်း ကိစ္စတို့အား လိုအပ်သည့် မှတ်တမ်းများ ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခံစားခွင့် ရှိသည်ဆိုသော ကန့်ကွက်လိုသူများရှိပါက တရားဝင်အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံတွင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း (စဉ်-၆၃၀၇) တရားလွှတ်တော်ရှေ့နေ
တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

ဦးထွန်းထွန်းဝင်း [၇/ဝမန(နိုင်)၁၆၀၁၆၂]၊ အမှတ် (၁၈၂)၊ တပင်ရွှေထီးလမ်း၊ ကြီးပင်ဝဲရပ်ကွက်၊ လှည်းကူးမြို့နယ် နေသူနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ မင်းလှဝကျေးရွာအုပ်စု၊ ဆင်ခြံကျေးရွာအုပ်စု တောင်သူ(၉)ဦးထံမှ လယ်မြေဧက (၈၁.၅၉)ဧကကို ဦးထွန်းထွန်းဝင်း အနေဖြင့် (၁၅-၅-၂၀၁၇)ရက်စွဲဖြင့် စရန်ငွေပေးချေဝယ်ယူခဲ့ပြီး ကျန်ငွေများကို (၁၉-၅-၂၀၁၇)ရက် နောက်ဆုံးထား၍ အပြေအကျေပေးချေရန် ပျက်ကွက်ခဲ့လျှင် ပေးထားသောစရန်ငွေများအဆုံးဟူ၍ အသိသက်သေများရှေ့တွင် နှစ်ဖက်ချုပ်ဆိုထားသော စာချုပ်ပါစည်းကမ်းအရ အောက်ဖော်ပြပါတောင်သူအမည်များနှင့် ယှဉ်တွဲဖော်ပြထားသော လယ်မြေများသည် ဦးထွန်းထွန်းဝင်းနှင့်လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် အဆိုပါလယ်မြေများပေါ်သို့ အခွင့်မရှိဘဲ မည်သူမဆို ကျူးကျော်ဝင်ရောက်ပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုအရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၁။ ဦးဝင်းဇော်ဦး ကွင်း (၇၃-ခ) ဦးပိုင် (၇/ခ) လယ်မြေ (၁၀.၁၁) ဧက
၂။ နော်အိအိခိုင် ကွင်း (၇၃-ခ) ဦးပိုင် (၈/ခ) လယ်မြေ (၉.၁၈) ဧက
၃။ နော်အဲလဒါ ကွင်း (၇၃-က) ဦးပိုင် (၃/ခ) လယ်မြေ (၃.၁၀) ဧက
၄။ ဦးအန်ထော်နီ ကွင်း (၇၃-ခ) ဦးပိုင် (၈/က) လယ်မြေ (၁၀.၃၄) ဧက
၅။ ဦးလှမျိုး ကွင်း (၇၃-ခ) ဦးပိုင် (၈/ခ) လယ်မြေ (၉.၅၁) ဧက
၆။ ဦးသက်နိုင်အောင် ကွင်း (၇၃-ခ) ဦးပိုင် (၈/ဃ) လယ်မြေ (၁၀.၀၉) ဧက
၇။ ဦးဝင်းမျိုးထွန်း ကွင်း (၇၃-ခ) ဦးပိုင် (၈/င) လယ်မြေ (၉.၇၆) ဧက
၈။ နော်ချယ်ရီမိုး ကွင်း (၇၃-ခ) ဦးပိုင် (၈/ဃ) လယ်မြေ (၉.၅၁) ဧက
၉။ ဒေါ်အေးကြိုင် ကွင်း (၇၃-ခ) ဦးပိုင် (၈/ဆ) လယ်မြေ (၉.၈၉) ဧက

တောင်သူများ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းဦး (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၂၃၈၁)
ဇီးကုန်းကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ ဖုန်း ၀၉-၇၉၈၄၅၆၁၆၅

ရန်ကုန်တက္ကသိုလ်
ဒဿနိကဗေဒကျောင်းသားဟောင်းများအဖွဲ့
ဖွဲ့စည်းရေးအစည်းအဝေး
ဖိတ်ကြားခြင်း

၂၀၂၀ပြည့်နှစ်အတွင်း ကျင်းပမည့် ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့် ပွဲတော်အတွက် အကြိုလှုပ်ရှားမှုများနှင့် အခမ်းအနားများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒ ကျောင်းသားဟောင်းများအဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၁၉၂၀ခုနှစ်မှ ၂၀၁၉ ဒီဇင်ဘာလအတွင်း ရန်ကုန်တက္ကသိုလ်တွင် ဒဿနိကဗေဒဘာသာရပ်ကို အထူးပြု၍ (ဘွဲ့ကြို၊ ဘွဲ့လွန်၊ ဒီပလိုမာ)သင်တန်းများ၌ တက်ရောက် ပညာဆည်းပူးခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားဟောင်းများအားလုံး ဖွဲ့စည်းရေးအစည်းအဝေးသို့ အောက်ပါအစီအစဉ်အတိုင်း ပါဝင်တက်ရောက်ကာ ပူးပေါင်းဆောင်ရွက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

နေ့ရက် - ၇-၈-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)
အချိန် - နံနက် ၉း၃၀နာရီ
နေရာ - အမရဆောင်-တိုးချဲ့(၁)

ဒဿနိကဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

တောမဲ့မြေသား ရေတိုက်စား၏

မရမ်းကုန်း၊ မ-ဒဂုံ၊ မ-ဥက္ကလာ၊ တ-ဥက္ကလာ အိမ်နှင့်တိုက်ခန်းများ ဝယ်လို၊ ငှားလိုပါသည်။
ဖုန်း-၀၉-၄၅၃၃၀၀၁၁၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက နိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁	ဦးကျော်အောင်	၁၂/လမတ(နိုင်)၁၁၅၅၀၄ PPN-၀၆၇၀၆၅	မရမ်းကုန်း	ဘုရင့်နောင်	ဆ/၅၅(B)	ဦးကျော်အောင်	ဆ/၅၅(B)ပါတောက်လမ်း၊ဘုရင့်နောင်ပွဲရုံတန်း(၁)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၂	ဦးသိန်းသန်းဦး	၉/မနမ(နိုင်)၀၀၀၉၈၈	အင်းစိန်ကမ်း	၇၉	၁၄၂	ဒေါ်ခိုင်စော	၁၄၂၊အောင်သိဒ္ဓိလမ်း(၇၉)ရပ်ကွက်၊အင်းစိန်ကမ်း	အမည်ပြောင်း
၃	ဦးသိန်းသန်းဦး	၉/မနမ(နိုင်)၀၀၀၉၈၈	အင်းစိန်ကမ်း	၇၉	၁၄၃	ဒေါ်ခင်ခင်သန်း	၁၄၃၊အောင်သိဒ္ဓိလမ်း(၇၉)ရပ်ကွက်၊အင်းစိန်ကမ်း	အမည်ပြောင်း
၄	ဦးဝင်းအောင်+၄	၁၂/တမန(နိုင်)၀၈၁၄၃၂	မင်္ဂလာတောင်ညွန့်	၁၂	V.၄/A	ဒေါ်ကြည်	၆ [illegible]	အမည်ပြောင်း
၅	ဦးမျိုးဇော်ကျော်(ခ)ဦးဇော်ထွန်း	၁၄/အရ(နိုင်)၀၈၅၆၈၉	မင်္ဂလာ	ရန်ကုန်စက်မှုဇုန်	၃၆၆/၉	[illegible]	၃၆၆/၉ [illegible](၁၁)လမ်း	ဂရန်သစ်
၆	ဒေါ်ခင်စန်းအေး+၁	၁၂/လသန(နိုင်)၀၁၁၃၃၂	မင်္ဂလာ	၅၃၂ [illegible]	၃၀၂/B	[illegible]	[illegible]	အမည်ပြောင်း
၇	ဦးမြသိန်း	၁၂/တမန(နိုင်)၀၆၈၅၃၃	တာမွေ	၄	ll၁၇	ဦးမြသိန်း	၅၅/၅၇ [illegible]	ဂရန်သက်တမ်းတိုး
၈	ဦးတင်စိုး(SP-ဒေါ်ခင်ခင်ပြုံး)	၁၂/ဥကမ(နိုင်)၀၀၃၀၀၃၃	အင်းမြောက်	၃၉/ဘိ	၂၁၄	ဦးတင်စိုး	၂၁၄ [illegible]	မြေပုံကူး(အရောင်း)
၉	ဦးစိုင်းမိုး+၁	၁၂/မရက(နိုင်)၁၂၆၂၈၅	မရမ်းကုန်း	၄၄/ဘဲ	၂၁/က.၁	ဒေါ်ခိုင်ခိုင်	၂၁ [illegible]	အမည်ပြောင်း
၁၀	ဒေါ်မာလာသိန်း+၁	၁၂/ကတတ(နိုင်)၀၀၂၆၂၃	ပုဇွန်တောင်	၁၁.ရေ	V.၃၃	ဒေါ်မာလာသိန်း+ဦးတင်ညွန့်	၄၂ [illegible](၈)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၁	ဒေါ်ယဉ်ယဉ်ဝေ	၁၂/အစန(နိုင်)၁၀၅၅၁၀	အင်းစိန်	၆	၃၆၅	ဒေါ်လှမြင့်	၃၆၅(၆)ရပ်ကွက်၊အင်းစိန်	ဂရန်သစ်
၁၂	ဦးမြင့်သန်း+၁	၁၂/ရကန(နိုင်)၀၄၆၆၁၅	အင်းတောင်	၂၃	၂၀၁	ဒေါ်စန်း	၂၀၁ [illegible](၂၃)ရပ်ကွက်	ဂရန်သစ်
၁၃	ဦးမြင့်သန်း+၁	၁၂/ရကန(နိုင်)၀၄၆၆၁၅	အင်းတောင်	၂၃	၂၀၀	ဒေါ်ကြည်သွင်	၂၀၀ [illegible](၂၃)ရပ်ကွက်	ဂရန်သစ်
၁၄	ဒေါ်သန်းရွှေ	၁၁/စတန(နိုင်)၀၀၅၆၁၆	အင်းမြောက်	၅၇	၅၁၂	ဦးကျော်လှိုင်	၅၁၂ [illegible](၅၇)ရပ်ကွက်	ဂရန်သစ်
၁၅	ဦးကျော်ထွန်း	၈/နမန(နိုင်)၁၈၉၁၁၈	အင်းမြောက်	၃၂	၂၄၄	ဦးကြည်မောင်ဝင်း+၁	၂၄၄ [illegible](၃၂)ရပ်ကွက်	အမည်ပြောင်း
၁၆	ဦးမြင့်သန်း+၁	၁၂/ရကန(နိုင်)၀၄၆၆၁၅	အင်းတောင်	၂၃	၂၇၅	ဦးတင်လှ	၂၇၅ [illegible](၂၃)ရပ်ကွက်	ဂရန်သစ်
၁၇	ဦးမြင့်သန်း+၁	၁၂/ရကန(နိုင်)၀၄၆၆၁၅	အင်းတောင်	၂၃	၂၇၆	ဒေါ်ခိုင်ခင်	၂၇၆ [illegible](၂၃)ရပ်ကွက်	ဂရန်သစ်
၁၈	ဦးမြင့်သန်း+၁	၁၂/ရကန(နိုင်)၀၄၆၆၁၅	အင်းတောင်	၂၃	၂၇၇	ဦးအောင်ဝင်း	၂၇၇ [illegible](၂၃)ရပ်ကွက်	ဂရန်သစ်
၁၉	ဒေါ်ကျော့ကျော့ဝေ+၅	၁၂/ဥကတ(နိုင်)၁၁၆၆၀၂၁	တောင်ဥက္ကလာ	၁၃/က	၇၂	ဦးကိုကို	၇၂(၁၁)လမ်း(၁၃/က)ရပ်ကွက်	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ဘ၀မြင့်ရပ်ကွက်၊ မေခလမ်းသွယ်(၂)၊
တိုက်A-အမှတ်(105)နေ
ဦးမြင့်ဇော်-ဒေါ်သီတာခိုင်တို့၏သား၊
မကေခိုင်ဇော်၏မောင်၊ မောင်အောင်ဖြိုးပိုင်၏အစ်ကို
မောင်ကောင်းထက်နိုင်
2nd Officer(F.G)Norstar
နှင့်
ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်(၂၂၅)
နေ
ဦးတင်ထွန်း-ဒေါ်မေသန်းထွင်တို့၏သမီး
ဒေါက်တာနေထွန်းဦး၊ မောင်ကောင်းဆက်တို့၏ညီမ
မဆုစန္ဒီ
BE(Electronics),Dip.in English(YUFL)
တို့သည် ၂၈-၇-၂၀၁၉ ရက်တွင် နှစ်ဖက်သောလူကြီးမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကောင်းထက်နိုင်-မဆုစန္ဒီ

၂၀၀၆ ခုနှစ်၊ ဧပြီလတွင် စတင်ထုတ်ဝေခဲ့သည်
သုတအလင်း
အမှတ်(၄၀) ၂၀၁၉ ခုနှစ်၊ ဩဂုတ်လထုတ်
သုတအလင်းမဂ္ဂဇင်းထွက်ပြီ။
ဆက်သွယ်ရန်- ဖုန်း ၀၉ ၂၅၄၀၇ ၂၉၉၇(စာတည်းဌာန)
၀၉ ၇၂၅၉၈၇၂၅ (ဖြန့်ချိရေး)
မြဝတီစာပေတိုက်မှ ထုတ်ဝေသည်။



၁၉၈၀ ပြည့်နှစ်၊ ဇူလိုင်လတွင် စတင်ထုတ်ဝေခဲ့သည်
ငွေတာရီ
မဂ္ဂဇင်း
အမှတ်(၇၁၉) ၂၀၁၉ ခုနှစ်၊ ဩဂုတ်လထုတ်
ငွေတာရီမဂ္ဂဇင်း ထွက်ပြီ။
ဆက်သွယ်ရန်- ဖုန်း ၀၉၄၀၉ ၂၅၈၄၅၁(စာတည်းဌာန)
၀၉ ၇၂၅၉၈၇၂၅ (ဖြန့်ချိရေး)
မြဝတီစာပေတိုက်မှ ထုတ်ဝေသည်။

ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

မညွန့်

မြေကွက်များဈေးကောင်းပေး
ဝယ်လိုသည်
ဒဂုံမြို့သစ် (အရှေ့၊တောင်
မြောက်၊ဆိပ်ကမ်း) တို့တွင်
မြေကွက်များဝယ်လိုသည်။
ပွဲခပေးရန်မလို
09250370756

ဝယ်လိုသည်

ရွှေပြည်သာမြို့နယ်ရှိ မြေကွက်များ ဝယ်လိုပါသည်။ ဖုန်း-၀၉-၄၅၁၃၃၈၂၆၉

မြန်မာအဏ္ဏဝါသိပ္ပံအသင်း (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားခြင်း

မြန်မာအဏ္ဏဝါသိပ္ပံအသင်း (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ အဏ္ဏဝါ သိပ္ပံ/အဏ္ဏဝါဇီဝ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(သီးခြားဖိတ်စာမရှိပါ)

ကျင်းပမည့်နေ့	-	၁၁-၈-၂၀၁၉ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-	နံနက် ၈ နာရီမှ ၁၁ နာရီအထိ
ကျင်းပမည့်နေရာ	-	မြန်မာအဏ္ဏဝါသိပ္ပံအသင်း၊ အမှတ်-၆၉/ ၇၀/ ၇၁၊ အခန်းအမှတ်(၀၀၂)၊ မြေညီထပ်၊ မင်္ဂလာသုခလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၅)ရပ်ကွက် (ဆင်မလိုက်)၊ ကမာရွတ်မြို့နယ်။

မြန်မာအဏ္ဏဝါသိပ္ပံအသင်း(MSAM)

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ၉၈-လမ်း၊ အမှတ်(၅)နေ ဦးဝင်းနိုင်[၁၂/မဂတ(နိုင်)၀၈၂၄၇၄]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၁၆-၇-၂၀၁၄ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် (၁၀၀၁၈/၂၀၁၄)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

(၄/၁၀၀၁၈/၂၀၁၄)

အဆိုပါ MOTHER'S LIGHTပညာရေးစာစဉ် **ရွှေလက်ရာ**ဟူသော တံဆိပ်အမည်အမှတ်အသားဖြင့် Grade One မှ Grade-11 အထိ ဘာသာစုံသင်ရိုး သင်ထောက်ကူစာအုပ်များ၊ စာစီစာကုံး၊ စာအုပ်များ စာမေးပွဲအထောက်အကူပြု ကြိုတင်လေ့ကျင့်ရေးစာအုပ်များ၊ အင်္ဂလိပ်စာ၊ Essay၊ Letter စာအုပ်များ၊ အင်္ဂလိပ်ဘာသာ၊ ကိုရီးယားဘာသာ အပါအဝင် ဘာသာစကားပြောစာအုပ်များနှင့် ပညာရေးအထောက်အကူပြုစာစောင်များ ထုတ်ဝေခြင်းစသည်တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်၊ ဖြန့်ချိ၊ ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိတို့မူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေခြင်း၊ အတုအပပြုလုပ်သုံးစွဲ ဖြန့်ဖြူးရောင်းချနေသူများကို တွေ့မြင်ကြားသိရပါက မိမိတို့၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော အရပ်ရပ်စားစရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းတို့အရဖြစ်စေ တရားစွဲဆိုသွားမည့်အပြင် ထိုသို့ ပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၀၁၈၅)(၂၇-၅-၉၄)
အမှတ်-၇၉၊ ၁၀၁လမ်း၊ ဗိုလ်မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၃၅၇၄၉၊ ၀၉-၄၄၃၀၃၅၇၄၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီလမ်းနှင့်ယသဝတီ(၁၆)လမ်းထောင့်၊ တိုက်အမှတ်(၁၀၇၄)၊ (၂)ခန်းတွဲ RC(၆)ထပ်တိုက်၏ မြေညီထပ်(ထပ်ခိုးပါ)(ခေါင်းရင်း)အခန်း၊ အခန်းအမှတ်(A)၊ ဧရိယာ-မြေညီထပ် ဧရိယာ(၁၈၈၀)စတုရန်းပေ+ထပ်ခိုးဧရိယာ(၄၇၅)စတုရန်းပေ၊ နှစ်(၆၀)မြေငှားဂရန်မြေပေါ်ရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်သိန်းဟန်[၁၂/ဥကတ(နိုင်)၁၉၅၆၁၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးအောင်မျိုးကျော်[၁၄/ဟသတ(နိုင်)၀၀၁၅၁၇]၊ ဒေါ်ခင်လေးနွယ်[၁၂/မရက(နိုင်)၀၀၁၉၀၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအောင်မျိုးကျော်၊ ဒေါ်ခင်လေးနွယ်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**

ဦးဝင်းမင်းစိုး	**ဒေါ်သူဇာကျော်**	**ဒေါ်ဝေဖြိုးအောင်**
LL.B,WIPO(Switzerland)	**LL.B,D.B.L,D.I.L,WIPO(Switzerland)**	**LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	**အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)**	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
Ph:01-246869,09-450023651	**Ph:09-254508917**	**Ph:09-421157856**

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၅၊ မြေကွက်အမှတ်(၁၅/က)၊ (၁၅/ခ) ဟုခေါ်တွင်သည့် လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေ (၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာဌာနတွင် အမည်ပေါက်လျက်ရှိပြီး လက်ဝယ်ပိုင်ဆိုင်သည့် ဦးဇော်ဝင်း[၉/ညဥန(နိုင်)၁၃၁၈၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြတ်ထွန်း(B.Sc,R.L)	**ဒေါ်သဲစုထွေး(LL.B,D.B.L,D.M.L,D.I.L)**
(စဉ်-၃၆၉၀)	**(စဉ်-၁၂၁၇၃)**

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၀၉-၇၃၁၄၄၀၅၅

"ကန့်ကွက်နိုင်ပါကြောင်း"

"ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အင်ကြင်းမြိုင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ် (၁၅၉)၊ ဧရိယာ(၀. ၀၅၅ ဧက)ရှိ ပါမစ် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်"တို့သည် မြို့မြေစာရင်းတွင် ဦးသာအေး အမည်ဖြင့် မှတ်သားတည်ရှိပြီး ယခုရောင်းချသူက အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍လက်ရှိထားပိုင်ဆိုင်ကာရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ပါမစ်မူရင်း ပြသ၍ရောင်းချသူ ဒေါ်ခင်သီတာတင့် (၁၂/ဗဟန (နိုင်)၀၀၇၉၄၄) ကိုင်ဆောင်သူထံမှအပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေမျိုးသန့်(၁၃/တကန(နိုင်)၀၄၅၂၉၈) ကရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်အရ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေငြာပါသည့်နေ့မှ(၇)ရက်အတွင်းကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်မှုမရှိပါကလွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဘက်သဘောတူညီချက်များအတိုင်းဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ် သက်ထားဆွေ LL.B ,D.I.L ,Dip in Eng
အထက်တန်းရှေ့နေ (စဉ်-၄၂၉၉၉)

အမှတ်(၃၉) ၅လွှာ ၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။ ၀၉-၉၇၂၃၄၅၉၉၈၊ ၀၉-၇၉၁၃၅၄၅၃၁

"စက်သုံးဆီဆိုင်ရောင်းမည်"

ရန်ကုန်-ပဲခူးလမ်းမကြီးပေါ်ရှိ ကျိုက်ထိုမြို့နယ်၊ မှုလယ်ကျေးရွာအနီး မိုင်တိုင်အမှတ်(၉၆/၃)ရှိ နှစ်(၃၀)ဂရန်အမည်ပေါက်(၂)ဧကမြေပေါ်ရှိ(A)လိုင်စင်စက်သုံးဆီဆိုင် အမြန်ရောင်းပါမည်။ ဥနှစ်သား ကျွဲကောအပင်(၁၀၀)နှင့် အဆောက်အဦ(၃)လုံး ပါဝင်ပါသည်။

၀၉-၇၇၇၇၆၀၀၉၇၊ ၀၉-၇၇၇၇၈၁၉၁၅

အများသိစေရန် အသိပေးကြေညာချက်

